ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့၊ (9-1-2007) (၅၁၉၇)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံ အကြီးအကဲများထံမှ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ အကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့ သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ထိုင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ထိုင်းနိုင်ငံဘုရင် ဘူမိဘောအဒူလျာဒက်ဂျ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ အေးချမ်းစေရန်နှင့် မြန်မာပြည်သူပြည်သားများ တိုးတက်ကြွယ်ဝပါစေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဝန်ကြီးများ ပညာရေးဝန်ကြီးဌာန ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိ အနာဂတ်တွင်ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို အမျိုးသားရေးအမြင်ထက်သန်စွာဖြင့် ရင်ဆိုင်ကျော်လွှား

နေပြည်တော် ဇန်နဝါရီ ၈

ပညာရေးဝန်ကြီးဌာန ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမဦကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ အစိုးရအဖွဲ့ – အဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးစေတနာရှင်များ၊ အခြေခံပညာ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူများဖြစ်ကြသည့် မထက်ထက်လမင်းနှင့် မခန့်မွန်တင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြသည်။

ရှေးဦးစွာ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများချီးမြှင့်ပွဲ အခမ်းအနားကို နိုင်ငံတော်သီချင်းဖြင့် ဖွင့်လှစ်သည်။

ဆက်လက်၍ ပျဉ်းမနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"မြန်မာ့ကျောင်း"** သီချင်းဖြင့်လည်းကောင်း၊ ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"ဘက်စုံဆင်နွှဲ ဆုနှင်းပွဲ"** သီချင်းဖြင့်လည်းကောင်း သီဆိုဂုဏ်ပြုကြသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ✳

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၉–၁–၂၀၀၇
(အင်္ဂါနေ့)

စည်းရုံးရေးမှူးကောင်းများအဖြစ် ကြိုးပမ်းဆောင်ရွက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး တောင့်တင်းခိုင်မာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်ရာ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု အင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူများနှင့် ဝိုင်းဝန်း အကောင်အထည်ဖော်နိုင်စေရန် မျိုးချစ်စိတ်ဓာတ်ရှိပြီး ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ခိုင်မာသော လူငယ်လူရွယ်များကို အခြေခံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်းထားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး) သင်တန်းအပါအဝင် သင်တန်းများ ဖွင့်လှစ်၍ အသင်းဝင်များ အရည်အချင်းပြည့်ဝရေး၊ အတွေးအခေါ် ဗဟုသုတ တိုးပွားရေးနှင့် လုပ်ငန်းဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိရေးတို့အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ပေးလျက်ရှိသည်။

ယခုအခါ ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး တစ်ဆင့်ချင်း စနစ်တကျ အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် သင်တန်းများက လေ့ကျင့်သင်ကြား ပို့ချပေးလိုက်သည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့၏ ဘဝအတွေ့အကြုံများနှင့် ဆက်စပ်ပြီး လက်တွေ့နယ်ပယ်၌ အသုံးပြုကြခြင်းဖြင့် အနာဂတ် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ စည်းရုံးရေးမှူးကောင်းများအဖြစ် ပါဝင်ကြိုးပမ်း ဆောင်ရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂဟာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဒေါ်ဒေစီအားရည်စူး၍ တောင်ကြီးမြို့နှင့် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဟသ်ာတလမ်းနေ ခင်ပွန်းဦးဖုန်းမြင့်နှင့်သား ဒေါက်တာ ဝင်းဇော်ဖုန်း၊ ကိုညီညီဖုန်း၊ သမီးဝတ်ရည်ဖုန်းမိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို စမ်းချောင်းမြို့နယ် မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက၊ အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂) အဆောက်အအုံသစ်ဖွင့် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂) အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အဆိုပါဘဏ် အဆောက်အအုံသစ်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့ တက်ရောက်အားပေးကြပြီး ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ မြန်မာ့စီးပွားရေးဘဏ်မှ အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြတို့က ဘဏ်ခွဲအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မန္တလေးမြို့ ဘဏ်ခွဲ (၂) အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဘဏ် အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အခမ်းအနား အစီအစဉ်ကိုကျင်းပရာ အစီအစဉ်အရ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားသည်။

ဦးစားပေး

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးကို တာဝန်ယူ ဆောင်ရွက်နေကြသည့် မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်း အောင်မြင်စေရန်အတွက် နိုင်ငံတော်က ဦးစားပေးအလိုက် မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်များကို ဖွင့်လှစ်ပေးလျက်ရှိရာ ငွေကြေးလည်ပတ်မှု ချောမွေ့လာသည်နှင့်အမျှ ဒေသ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း၊ ဘဏ်ဝန်ထမ်းများ အနေနှင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် စေတနာထားကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ဘဏ်အဆောက်အအုံသစ်အား ရေရှည်တည်တံ့ခိုင်မြဲရေး၊ အစဉ်သန့်ရှင်း သပ်ရပ်စေရေးတို့အတွက် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများလက်တွဲပြီး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန်လိုကြောင်း အကျယ်တဝင့် ပြောကြားပြီး ဘဏ်ခွဲ(၂) အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂)အဆောက်အအုံသစ် ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

ဇန်နဝါရီ ၇ ရက်က လှိုင်သာယာမြို့နယ် မြို့နယ် အဆင့် ဘက်စုံ ထူးချွန်ဆု ချီးမြှင့်ပွဲကို အ ထ က (၁) အား က စား ခန်းမ၌ ကျင်းပရာ မြို့နယ် အေး ချမ်း သာ ယာ ရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က မြို့နယ်အဆင့် ဘာသာစုံပထမနှင့် မြို့နယ်ဘက်စုံ ပထမဆုရ အလက(၅)မှ စတုတ္ထတန်းကျောင်းသူ မမြတ်မျိုးဟန်အား ဆုချီးမြှင့်စဉ်။ (၄၉)

မဟာသိမ်တော်ကြီးကျောင်းတိုက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၈

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးကျောင်းတိုက် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက မဟာသိမ်တော်ကြီးကျောင်းတိုက် ဆွမ်းစားဆောင်တွင် ပြုလုပ်သည်။

လှူဒါန်းနိုင်

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးဟန်(သီတဂူ)တို့က အမှာစကားပြောကြားပြီး မဟာသိမ်တော်ကြီး ကျောင်းတိုက် ပြုပြင်ထိန်းသိမ်းရေးအတွက် လုပ်ငန်းအဖွဲ့ လေးဖွဲ့ကို အစည်းအဝေးမှ ဖွဲ့စည်းသည်။ သာသနိက အဆောက်အအုံများအတွက် လှူဒါန်းလိုပါက မဟာသိမ်တော်ကြီး ဂေါပကအဖွဲ့ရုံး ဖုန်း–၃၈၃၈၅၇ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်ဟု သိရသည်။ (၂၃)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် (စံပြ)ပုသိမ်ညွန့်ရပ်ကွက် ပျော်ပွဲရွှင်ပွဲနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ဗိုလ်စွဲသွားသော (၇)လမ်း လူငယ်အသင်းအား ရပ်ကွက်ဥက္ကဋ္ဌ ဦးကြံ့ခိုင်ထွန်း ဆုဖလားပေးအပ်စဉ်။ (၃၀)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၁၆)ရပ်ကွက် မြို့ဦးစေတီဘုတာရုံဓမ္မရိပ်သာ ကျောင်းတိုက်၌ မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အောင်ချမ်းသာ အရှင်စန္ဒသူရိယက ဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်မည့်ယောဂီများ ဇန်နဝါရီ ၁၆ ရက် ညနေတွင် အိပ်ရာလိပ်နှင့် အသုံးအဆောင်ပစ္စည်းများ ယူဆောင်လာကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ငရဲမင်းနှင့် ငမင်းဆွေ

ငါးမင်းဆွေ

ပြည်ပအသံလွှင့်ဌာနတစ်ခုမှ သတင်းထုတ်လွှင့်ချက်တစ်ခုတွင် တရုတ်ပြည်သည် ကမ္ဘာပေါ်တွင် စတုတ္ထအကြီးဆုံး စီးပွားရေး အင်အားကြီးနိုင်ငံ ဖြစ်သွားပြီ။ တရုတ်၏ အထက်တွင် အမေရိကန်၊ ဂျပန်နှင့် ဂျာမနီတို့သာ ရှိတော့သည်ဟု ပြောသွားသည်ကို ငမင်းဆွေကြားလိုက်ရသည်။ **ထိုနေ့ညက ငမင်းဆွေခေါင်းထဲသို့ ရောက်လာသော အတွေးတစ်ခုမှာ အိမ်နီးနားချင်းတရုတ်ပြည်ဟာ စီးပွားရေးတစ်ဟုန်ထိုးတိုးတက်ပြီး ခေတ်မီဖွံ့ဖြိုးတဲ့ နိုင်ငံတော်ကြီး ဖြစ်လာနေပြီ၊ တရုတ်ပြည်သူ၊ ပြည်သားများ လူနေမှုအဆင့်အတန်း မြင့်မားလာကြပြီ၊ သူတို့တိုင်းပြည်က လူတွေများ ညီညွတ်လိုက်ကြတာ၊ သူတို့တိုင်းပြည်ကြီးကို အိမ်နီးချင်းဂျပန်တို့ တောင်ကိုရီးယားတို့လို ခေတ်မီတိုးတက်ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ကြိုးစားလိုက်ကြတာ၊ သူတို့တွေ ညီညွတ်ကြတော့ အင်အားကြီးနိုင်ငံကြီးတွေက ဝင်စွက်လို့ မရဘူးပေါ့။ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံတွေကလဲ အထူးအခွင့်အရေးတွေ ပေးလာရတယ်။ တရုတ်နောက်ကလိုက်လာတာက ဗီယက်နမ်၊ ညီညွတ်ကြတယ်၊ ကြိုးစားကြတယ်၊ ဒါကြောင့် တော်တော်တိုးတက်လာပြီ၊ မြန်မာတွေကတော့ ခုထိ မညီညွတ်ကြသေးဘူး၊ ကိုယ့်လူမျိုးတွေ မညီညွတ်ကြလို့ စီးပွားရေး ပိတ်ဆို့ခံနေရတယ်၊ ကိုယ့်နိုင်ငံကိုယ့်လူမျိုး ဖွံ့ဖြိုးတိုးတက်ဖို့၊ ချမ်းသာဖို့၊ အတူလက်တွဲဆောင်ရွက်ကြဖို့ အချိန်တန်တာကြာပြီပဲ၊** ဒီလိုမှ မလုပ်ဘဲ ဆက်ပြီးအချိန်ဖြုန်းနေဦးမယ်ဆိုရင်တော့ ငါသေသွားတောင်မှ ငါ့နိုင်ငံ ငါ့လူမျိုး ဖွံ့ဖြိုးတိုးတက်ချမ်းသာတာတွေကို တွေ့ရတော့မှာမဟုတ်ဘူး၊ တယ်လဲစိတ်ညစ်စရာကောင်းပါလားဟူ၍ ထိုသို့တွေးရင်း တောရင်းသွေးတိုးရောဂါရှိသော ငမင်းဆွေသည် ခေါင်းမူးလာပြီး အိပ်ရာပေါ်လှဲအိပ်လိုက်ရာ ထိုနေ့ညတွင်ပင် ငရဲမင်းရှေ့သို့ ငမင်းဆွေရောက်ခဲ့တော့သည်။

ငရဲမင်း။ ။ဟဲ့ ငမင်းဆွေ၊ အသက်တောင်ငါးဆယ်မပြည့်သေးဘူး၊ အသေစောလိုက်တာ၊ လူ့ပြည်မှာ မတောင့်မတ နေနိုင်လျက်သားနဲ့ မင်းဘဝကို ငါနှမြောတယ်။

ငမင်းဆွေ။ ။ကျွန်တော်လည်း နှမြောတာပါပဲ အရှင်ငရဲမင်း၊ မသေခင်မှာ မြန်မာပြည်ကြီး ညီညွတ်တိုးတက်တာကို မတွေ့ခဲ့ရလို့ပါ။

ငရဲမင်း။ ။ဘယ်တွေ့ခဲ့မလဲကွာ၊ မင်းတို့ မြန်မာတွေမှ မညီညွတ်ကြတာ၊ မင်းတို့နားက ပေါက်ဖော်ကြီးတောင် ညီညွတ်ကြလို့ တိုးတက်ဖွံ့ဖြိုးနေပြီမဟုတ်လား၊ မင်းတို့က ရွှံကုန်သည် ဇာတ်ထဲကလို မပေး-ပေး-ပေး-ပေး ငါ့ရွှေခွက်ပေးဆိုပြီး ရွှေခွက်ဟောင်းကြီးကို မိုးလင်းတစ်ခါ မိုးချုပ်တစ်ခါ တောင်းနေကြတာကိုး၊ ချမ်းသာလာရင် ရွှေနန်းတော်တစ်ဆိုင်လုံးကို ဝယ်နိုင်တယ်ဆိုတာ မင်းတို့မှသဘော မပေါက်ကြပဲကိုး၊ ကဲဒါတွေထားလိုက်ဦး၊ မင်းကိုငါခေါ်လိုက်ရတာက မင်းရဲ့ အပြစ်တွေကို စီရင်ဖို့ပဲ။

ငမင်းဆွေ။ ။မှန်လှပါအရှင်ငရဲမင်း၊ အပြစ်ရှိတဲ့အတိုင်း စီရင်တော်မူပါ။

ငရဲမင်း။ ။မင်းရဲ့မှတ်တမ်းထဲမှာ မင်းဟာ အသက်နှစ်ဆယ်မပြည့်ခင်ကတည်းက ဆားထုတ်လုပ်ငန်းကို လုပ်ခဲ့တယ်။ သေခါနီးမှာလည်း ဂျာနယ်တွေမှာ ဆောင်းပါးတွေ ရေးသွားသေးတယ်၊ ဒီနှစ်ချက်က အကောင်းတွေပေါ့ကွာ၊ မင်းရဲ့ အပြစ်တွေကတော့ မင်းဟာ သူတစ်ပါးပိုက်ဆံကို မတရားနည်းနဲ့ ယူတဲ့ ချဲဒိုင်လုပ်ခဲ့တယ်၊ သူတစ်ပါးအသက်ကို သတ်တဲ့ ငါးမွေးမြူရေးကို လုပ်ခဲ့တယ်။ ဒီအပြစ်နှစ်ခုအတွက် မင်းကို ငရဲပြည်မှာ အပြစ်ပေးရလိမ့်မယ်၊ မင်းဘာများ လျှောက်လဲချင်သေးလဲ။

ငမင်းဆွေ။ ။မှန်လှပါ... ကျွန်တော် လျှောက်လဲချင်တာကတော့ အရှင်ငရဲမင်းက ကောင်းမှုအလုပ်လို့ သတ်မှတ်တဲ့ ဆားထုတ်လုပ်ငန်းဟာ ပင်လယ်ရေကို ခန်းအောင်နေလှန်းပြီးမှ ဆားဖြစ်ပါတယ်၊ ဒါကြောင့် ပင်လယ်ရေမှာပါတဲ့ ငါး၊ ပုစွန် သားပေါက်အမြောက်အမြားကို သေကျေစေပါတယ်။ အငန်နှုန်း ၅၀ ppt ကျော်တဲ့ လှန်းထူနဲ့ လှန်းပါးခွက်တွေမှာ ငါး၊ ပုစွန် သားပေါက်တွေ အမြောက်အမြား သေကျေကြပါတယ်။

ငရဲမင်း။ ။ဟေ ... ဟုတ်သလား၊ ငါ့ကို ဘယ်သူမှ မတင်ပြခဲ့ကြဘူး။ ဒါဆို ဆားသမားတွေကိုလည်း အပြစ်ပေးရမှာပေါ့။

ငမင်းဆွေ။ ။မှန်လှပါ... ငါး၊ ပုစွန်သားပေါက်တွေကို သေစေပြီး တပည့်တော် ဆားလုပ်တာဟာ လူသားတွေစားဖို့ပါ။ နောက်ပြီး တပည့်တော် ငါးမွေးတာဟာလည်း ရဟန်းရှင်လူ ပြည်သူအပေါင်းစားသုံးဖို့ပါ။ သားငါးဖွံ့ဖြိုးပြည့် အကျိုးမဟုတ်ပါလား အရှင်မင်းကြီး။

ငရဲမင်း။ ။ဟော့ကောင် ငမင်းဆွေ၊ ငါ့ကို ဆရာလာလုပ်မနေနဲ့၊ မင်း သူတစ်ပါးအသက်ကို သတ်တဲ့အတွက် အပြစ်ခံရမှာပဲ။

ငမင်းဆွေ။ ။မှန်လှပါ... ဒီလိုဆိုရင် သန်ချဆေးစားပြီး သန်ကောင်တုတ်ကောင်တွေကို သေအောင်လုပ်တဲ့ သူတွေကို အပြစ်ပေးပါသလား၊ အဲဒီစီရင်ထုံးလေး သိပါရစေ အရှင်ငရဲမင်း။

ငရဲမင်း။ ။ဟော့ ငမင်းဆွေ၊ မင်းပြောမှ ငါသတိရတော့တယ်၊ တစ်လောက ငါလည်း ယူနီဆက်ကပေးတဲ့ သန်ချဆေးကို အလကားရလို့သောက်လိုက်သေးတယ်၊ သန်ကောင်တုတ်ကောင် သတ်တာလည်း သူတစ်ပါးအသက် သတ်တာပဲ၊ မင်း ငါးသတ်တာကမှ မင်းလဲ အကျိုးရှိ လူတကာလဲ စားရသေးတယ်၊ ငါ သန်ကောင်သတ်တာက ငါ့တော့အကျိုးရှိပါရဲ့ လူတကာ စားလို့မရဘူး။ ဒီလိုဆို ငါပါ ငရဲသားဖြစ်တော့မယ်၊ မဖြစ်ပေဘူး၊ ဟဲ့ ငရဲခန်းထဲမှာ ရှိနေတဲ့ မွေးမြူရေးသမားတွေ အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ အမိန့်ထုတ်စမ်း။

ငမင်းဆွေ။ ။ဝမ်းသာလိုက်တာ အရှင်ငရဲမင်းရယ်၊ ဒီသတင်းကို ဂျာနယ်တိုက်တွေကို အရှင်ငရဲမင်းရဲ့ ဖက်စ်နှင့် ပို့ခွင့်ပြုတော်မူပါ။

ငရဲမင်း။ ။အေး-ပို့ခွင့်ပြုတယ်၊ ဂျာနယ်တစ်စောင်တော့ ငါ့ကို လက်ဆောင်ပေးပေါ့ကွာ၊ ဟဲ ဟဲ ဟဲ၊ မင်းဟာ ငရဲပြည်ရောက်တောင်မှ သတင်းက ရေးချင်နေသေးတယ်။ ဒါတွေထားဦး၊ မင်းရဲ့ ချဲဒိုင်လုပ်ခဲ့တာကိုကော ဘယ်လိုထုချေမလဲ။

ငမင်းဆွေ။ ။မှန်လှပါ ...တပည့်တော်ဟာ ချဲဒိုင်လုပ်ပြီး သူတစ်ပါးငွေကြေးကို မတရားနည်းနဲ့ ယူခဲ့ပါတယ်။ ဒီလိုမတရားရလာတဲ့ငွေတွေဟာလည်း ဇွဲဒ်ထွက်တော့ ပြန်ကုန်သွားတဲ့အပြင် စီးတဲ့ကားပါ ပါသွားခဲ့ပါတယ်။ ချဲထိုးတာရော ဒိုင်လုပ်သူပါ အကျိုးမရှိကြဘဲ ကြားက လင်းတများသာ စားသွားတာကို သိပြီး ချဲဒိုင်အလုပ်ကို နားခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တပည့်တော် ချဲကြီးခြောက်ပတ်တိတိ ဒိုင်ကိုင်ခဲ့တာ အပြစ်ရှိပါတယ်။ ထိုက်သင့်သော အပြစ်ဒဏ်ကို ပေးတော်မူပါ အရှင်ငရဲမင်း။

ငရဲမင်း။ ။ကောင်းပြီ အမိန့်ချမယ်၊ တရားခံ ငမင်းဆွေအား ချဲဒိုင်လုပ်သည့်အတွက် ငရဲပြည်တွင် သုံးနှစ်ပြစ်ဒဏ်ကျခံစေ၊ ပြစ်ဒဏ်ကျခံစဉ်ကာလ၌ **"ငရဲအပတ်စဉ်"** ဂျာနယ်မှာ သတင်းရေးသမားအဖြစ် အမှုထမ်းစေ။

ငမင်းဆွေ။ ။မှန်လှပါ ... ငရဲပြည်မှာ အပြုသဘောသတင်းတွေ ရေးသားခွင့်ရှိပါမှ သတင်းရေးသမားလုပ်ပါရစေ၊ နို့မဟုတ်ရင် လူ့ပြည်ပြန်ပြီး ဂျာနယ်တွေမှာပဲ ပြန်ရေးပါရစေ အရှင်ငရဲမင်း။

ငရဲမင်း။ ။ကောင်းပြီ ငမင်းဆွေ၊ မင်းဆီကရတဲ့ သတင်းအချက်အလက်မှန်တွေကြောင့် ပြုပြင်ရမယ့် ဟာတွေကို သိခဲ့ရပြီး ချွတ်ယွင်းအားနည်းချက်တွေကို အချိန်မီပြင်နိုင်ခဲ့တယ်။ သတင်းလွတ်လပ်ခွင့်ဆိုတာ အခြေအနေအတိုင်းအတာအရရှိလာ၊ ရလာမှာပဲကွ။ ဒါ့ကြောင့် စည်းနဲ့ကမ်းနဲ့၊ အတိုင်းအဆနဲ့တော့ ချင့်ချင့်ချိန်ချိန်လုပ်ကြပေါ့ကွာ။

ငမင်းဆွေ။ ။မှန်လှပါ ... ကျေးဇူးကြီးလှပါပေတယ်၊ သတင်းလွတ်လပ်ခွင့်ပေးသော်လည်းပဲ ကျွန်တော်တို့သတင်းသမားတွေက ပရမ်းပတာ စည်းလွတ်ဝါးလွတ် မရေးပါဘူး အရှင်ငရဲမင်း။

ငရဲမင်း။ ။ကြားရတာ နှလုံးစိတ်ဝမ်း အေးချမ်းလိုက်တာ။ ဒါနဲ့ မင်းခုစရေးမယ့် သတင်းခေါင်းစဉ် ငါသိချင်တယ်။

ငမင်းဆွေ။ ။မှန်လှပါ ...ကျွန်တော်ရေးမယ့် သတင်းခေါင်းစဉ်ကတော့ **"ညီညွတ်ကြလျှင် ချမ်းသာမည်၊ ရန်ဖြစ်နေလျှင် ဆင်းရဲမည်"** ဖြစ်ကြောင်းပါ။

ငရဲမင်း။ ။ကောင်းလေစွ ကောင်းလေစွ၊ ဒါဆို ...အဲ့ဒီသတင်းကို မင်းတို့လူ့ပြည်မှာ မင်းပြန်ရေးပေတော့၊ တခြားသတင်းသမားတွေကိုလဲ ရေးခိုင်း၊ မင်းတို့ ...သတင်းသမားဆိုတဲ့လူတွေဘက်ကလဲ **"ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ"** သတင်းတွေနဲ့ လူ့ပြည်ကို ချောက်မချဖို့ ငါမှာလိုက်တယ်လို့ပြော၊ သတင်းသမားဆိုသူတွေ **"သတင်းပါရာဇိကံ"** ကျလို့ ငရဲပြည်ရောက်လာရင် မလွယ်ဘူးနော်။

ဤသို့ဖြင့် ငမင်းဆွေတစ်ယောက် သေကံမရောက် သက်မပျောက်ဘဲ လူ့ပြည်သို့ ပြန်ရောက်ခဲ့ပါသည်။ လူ့ပြည်သို့ ပြန်ရောက်ရောက်ချင်း အိပ်ရာမှ ငေါက်ခနဲထထိုင်ကာ မိမိတို့မသေမီ မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက် ချမ်းသာရေးအတွက် ကိုယ့်အချင်းချင်း အငြင်းမပွားအချင်းမများကြဘဲ ညီညီညွတ်ညွတ် လက်တွဲလုပ်ဆောင်ကြရေး သတင်းပေးဖို့ ဤဆောင်းပါးကို ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။ ။

ရွှေသက်န်းတော်ကပ်လှူမည်

ရန်ကုန် ဇန်နဝါရီ ၈

ရွှေတိဂုံစေတီတော်ရင်ပြင် တနင်္ဂနွေထောင့်ရှိ နောင်တော်ကြီးစေတီနှင့် အရံစေတီများ ဖူးမြော်ကြည်ညိုနိုင်ရန် ရွှေသက်န်းတော်များ ကပ်လှူမည်ဖြစ်ရာ အလှူတော်ကြီးတွင် ကိုယ်တိုင်ကိုယ်ကျ ပင့်ဆောင်ဆက်ကပ်လှူဒါန်းပူဇော်နိုင်ကြောင်းနှင့် နှစ်လက်မပတ်လည်ရွှေဆိုင်းတစ်ရွက်လျှင်ငွေကျပ် ၂၂၀၊ ရွှေဆိုင်း ၁၀ရွက်လျှင် ငွေကျပ် ၂၂၀၀နှုန်းဖြင့် ကပ်လှူနိုင်ပြီး စေတီရံကြီးတစ်ဆူလျှင် ငွေကျပ်သိန်း ၃၀၊ စေတီရန်ငယ် တစ်ဆူလျှင်ငွေကျပ်သိန်း ၂၀ဖြင့် ကမ္ပည်းမော်ကွန်းရေးထိုး၍ ရွှေသက်န်းတော် ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အမှတ်(၂)သစ်စက် မီးဘေးကာကွယ်ရေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ရဲသူရိန်ဌေးဝင်း မီးဘေးကြိုတင် ကာကွယ်ရေး ဟောပြောပြီး ဝန်ထမ်းတစ်ဦးက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	ပညာခေတ်
၅:၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်" (အပိုင်း-၁၁)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘက်မတူတဲ့တက်လူ" အပိုင်း(၃၃)**
	၁၉။	သင့်အတွက်မနက်ဖြန်
	၂၀။	အပိတ်နှုတ်ဆက်စကား
	၂၁။	ပြီးပါပြီ။

အိုင်အေအီးအေနှင့် အဆက်အသွယ်ပြတ်တောက်ရန် အစီအစဉ်မရှိကြောင်း အီရန် ပြောကြား

တီဟီရန် ဇန်နဝါရီ ၇

အီရန်နိုင်ငံက နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)နှင့် အဆက်အသွယ်ဖြတ်မည့် အစီအစဉ်မရှိဟု အီရန်ထိပ်တန်း နျူကလီးယားတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ယနေ့တွင် ပြောကြားသည်။ အီရန်အနေဖြင့် ယူရေနီယံသန့်စင်နိုင်ရန် ပစ္စည်းအများအပြား သိုလှောင်ထားကြောင်း ၎င်းက ထပ်လောင်း ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် ဆင်ခြင်တုံတရားရှိစွာဖြင့် မိမိတို့လုပ်ငန်းများကို လုပ်ဆောင်နေပြီး အိုင်အေအီးအေနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်နေသည်ဟု အီရန်အဏုမြူ စွမ်းအင်အဖွဲ့၏ အကြီးအကဲ အဂါဇာကို ကိုးကား၍ အိုင်အာရ်အင်အေ သတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံက အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလားအလာများကို လေ့လာနိုင်ရန် အမျိုးသား လုံခြုံရေးကောင်စီ၏ ကြီးကြပ်မှုအောက်တွင် ကော်မတီတစ်ရပ် ဖွဲ့ထားကြောင်း၊ အိုင်အေအီးအေနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရန် အဆင့်မြင့် အီရန်တာဝန်ရှိပုဂ္ဂိုလ်များက ဆုံးဖြတ်ထားကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အချိန်ဇယား

အီရန်ရှိ နျူကလီးယားလုပ်ငန်းဌာနများသို့ အိုင်အေအီးအေ စစ်ဆေးရေးမှူးများ လာရောက်စစ်ဆေးမည့်ကိစ္စအတွက် ယင်းကော်မတီက အချိန်ဇယားကိုလည်း ရေးဆွဲမည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ၂၀၀၈ ခုနှစ် အိုလံပစ်ပွဲတော် ဘောလုံးပွဲများကျင်းပမည့် အားကစားကွင်းကြီးကို ဇန်နဝါရီ ၇ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ– Beijing Review)

အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒ အကြမ်းဖက်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်

စင်ကာပူ ဇန်နဝါရီ ၇

အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒကြောင့် အာရှဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများ တိုးတက်ဖြစ်ပေါ်စေနိုင်ကြောင်း အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ စင်ကာပူ ကျွမ်းကျင်သူတစ်ဦးက ယမန်နေ့တွင် ပြောကြားသည်။

အမေရိကန်က အီရတ်နိုင်ငံကို သိမ်းပိုက်မှုကြောင့် အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ်များ ပိုမို ပေါ်ပေါက်လျက်ရှိကြောင်း၊ အမေရိကန် တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းပါကလည်း အကြမ်းဖက်မှုအန္တရာယ်သည် ပိုမိုကြီးမားလာနိုင်ပြီး တိုက်ခိုက်မှုများ ပိုမိုပေါ်ပေါက်လာနိုင်ကြောင်း နိုင်ငံတကာ အကြမ်းဖက်မှုနှင့် တိုက်ခိုက်မှုဆိုင်ရာဌာနမှ ဂိုဟန်ဂန်နာရက်နာက ပြောကြားသည်။

အီရတ်နိုင်ငံ တည်ငြိမ်မှုရှိပြီး နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှု တိုးတက်လုပ်ကြရန် ၎င်းက နှိုးဆော်သည်။ အကြမ်းဖက်သမားများ၏သဘောတရားများသည် အာရှဒေသတွင် အခြေစိုက်သည့် အစွန်းရောက်အဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များအပေါ် ဩဇာသက်ရောက်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျာမနီနိုင်ငံ ဘင်ကျူလက်ကိုင်ဖုန်းကုမ္ပဏီမှထုတ်လုပ်သည့် ဖုန်းတစ်လုံးကို ဘာလင်မြို့၌ ဇန်နဝါရီ ၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တုပ်ကွေးရောဂါ ကမ္ဘာအနှံ့ ဖြစ်ပွားပါက လူပေါင်း ၆၂ သန်း သေဆုံးနိုင်ဟုဆို

လန်ဒန် ဇန်နဝါရီ ၇

လူပေါင်း သန်း ၅၀ကျော် သေဆုံးခဲ့သည့် ၁၉၁၈ခုနှစ် တုပ်ကွေးရောဂါမျိုး ပြန်လည်ဖြစ်ပွားနိုင်ကြောင်း၊ ကမ္ဘာအနှံ့ဖြစ်ပွားသည့် တုပ်ကွေး ရောဂါဖြင့် လူပေါင်း ၆၂ သန်း သေဆုံးနိုင်ကြောင်း ဟားဗတ်တက္ကသိုလ်မှ သုတေသီများက လေ့လာ တွေ့ရှိထားသည်ဟု ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

တုပ်ကွေးရောဂါဖြင့် သေဆုံးနိုင်သူဦးရေမှာ ၆၂ သန်းထက် ပိုမိုလာနိုင်ကြောင်း၊ တုပ်ကွေးရောဂါကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများက အများဆုံး ခံစားရနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ ရောဂါအတွက် ကြိုတင်ပြင်ဆင်နိုင်စွမ်းရှိမည်ဟု ကျွမ်းကျင်သူများက ယုံကြည်ထားသည်။ ကမ္ဘာအနှံ့ ဖြစ်ပွားသော တုပ်ကွေးရောဂါမှာ နှစ် ၁၀၀ အတွင်း သုံးကြိမ်မှ လေးကြိမ်အထိ ဖြစ်ပွားလေ့ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ကြက်ငှက်တုပ်ကွေး ရောဂါလည်း ကျရောက်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားကြသည်။ လောလောဆယ်တွင် H_5N_1 ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၅၈ဦး ရှိပြီဖြစ်သည်။ တုပ်ကွေးရောဂါ ဖြစ်ပွားပါက ဗြိတိန်နိုင်ငံ တစ်နိုင်ငံတည်းမှာပင် လူပေါင်း ၅၀၀၀မှ ၇၀၀၀၀၀အထိ သေဆုံးနိုင်ကြောင်း ခန့်မှန်းထားသည်။

ပါမောက္ခ ခရစ္စတိုဖာမာရေးနှင့် အဖွဲ့သည် ၁၉၁၈ – ၁၉၂၀ ပြည့်နှစ်ကာလ စပိန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ နောင်အခါတွင် ဖြစ်ပွားလာမည့် တုပ်ကွေးရောဂါသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထူးထူးကဲကဲ ကျရောက်မည်ဖြစ်ကြောင်း မာရေးက သတိပေးထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကြိုတင်ကာကွယ်ဆေးများနှင့် ပဋိဇီဝဆေးများ စီစဉ်ထားရှိရန် လိုအပ်ကြောင်း လန်ဒန်အင်ပီးရီးယဲလ်ကောလိပ်မှ တုပ်ကွေးရောဂါကျွမ်းကျင်သူ ဒေါက်တာနေးလ်ဖာဂူဆန်က ပြောကြားသည်။

အင်တာနက်။

လက်ဘနွန်လုံခြုံရေးတပ်ဖွဲ့များကို အင်အားတိုးမြှင့်ပေးရန် လိုအပ်

ဘေရွတ် ဇန်နဝါရီ ၇

လက်ဘနွန်အစိုးရသည် နိုင်ငံတစ်ဝန်းလုံးကို ထိန်းချုပ်ထားနိုင်စေရေးအတွက် စစ်ဘက်နှင့် ရဲတပ်ဖွဲ့တို့ကို အင်အားမြှင့်တင်ပေးရန် လိုအပ်နေကြောင်း အမေရိကန်၊ ပြင်သစ်၊ ဆော်ဒီအာရေဗျ၊ အာရပ် စော်ဘွားများပြည်ထောင်စုနှင့် အခြား နိုင်ငံများသည် ယင်းနိုင်ငံကို အကူအညီ ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း လက်ဘနွန်တာဝန်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြားသည်။

ဖော်ပြထား

လက်ဘနွန်နိုင်ငံတွင်ဖြစ်ပေါ်နေသော နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်ခြင်း မရှိပါက နိုင်ငံပြိုကွဲသွားနိုင်ကြောင်း နိုင်ငံတကာလေ့လာရေးအုပ်စုတစ်စုက ထုတ်ပြန်သည့် အစီအရင်ခံစာတွင် ဖော်ပြထားသည်။

၁၉၈၀ ပြည့်လွန်နှစ်များမှ စ၍ လက်ဘနွန် ကြည်းတပ် အင်အား တောင့်တင်းလာစေရေးအတွက်ကြိုးပမ်းခဲ့သည်။ သို့ရာတွင် လက်ဘနွန် နိုင်ငံ၌ ဂိုဏ်းဂဏကွဲပြားမှု နက်ရှိုင်းလာခြင်းနှင့် စစ်တပ်အတွင်း ပြဿနာများစွာ ဖြစ်ပေါ်လာခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ဩဇာသက်ရောက်မှုမှာ ပျံ့နှံ့စေနိုင်ခြင်းမရှိခဲ့ပေ။***အင်တာနက်။***

အမေရိကန်နိုင်ငံ နီဗားဒါး ပြည်နယ် လပ်စ်ဗီးဂတ်စ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အီလက်ထရွန်နစ်ပြပွဲတွင် ပြသထားသော တောင်ကိုရီးယားနိုင်ငံ ဆမ်ဆောင်းကုမ္ပဏီထုတ် ရုပ်သံဖမ်းစက်များကို ဇန်နဝါရီ ၇ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တောင်ကိုရီးယား၌ လုပ်သားအင်အား လျော့ချရဖွယ် ရှိဟုဆို

ဆိုးလ် ဇန်နဝါရီ ၇

အမေရိကန်၊ ဂျပန်၊ တရုတ်၊ အရှေ့တောင်အာရှဒေသနှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များအရ အပြန်အလှန်ဈေးကွက်ဖွင့်ပေးရပါက လာမည့် ၁၀နှစ်တာကာလတွင် လုပ်သားအင်အား လျော့ချရမှု ဖြစ်ပေါ်လာနိုင်ကြောင်း အစိုးရ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်အရ ပြည်ပမှ ကုန်ပစ္စည်း ပိုမိုတင်သွင်းလာရမည်ဖြစ်သဖြင့် တောင်ကိုရီးယားနိုင်ငံရှိ ကုမ္ပဏီပေါင်း ၁၃၄၀၀ခန့်တွင် လုပ်သားအင်အားလျော့ချရမှု ဖြစ်လာနိုင်သည်ဟု ကူးသန်းရောင်းဝယ်ရေး၊ စက်မှုလုပ်ငန်းနှင့် စွမ်းအင်ဝန်ကြီးဌာနက ပါလီမန်ထံ ဇန်နဝါရီလဆန်းတွင် တင်သွင်းသည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များနှင့်အညီ ကုန်သွယ်ရေးလုပ်ငန်းများကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်မည့် နည်းလမ်းများကို ရှာဖွေသွားရမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်အတွက် အပြီးသတ် ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်သည်။ အမေရိကန်နှင့် ပြုလုပ်သော ကုန်သွယ်ရေး ဆွေးနွေးပွဲမှာမူ အခက်အခဲများရှိနေပြီး ယခုလတွင်ဆက်လက်ပြုလုပ်မည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံရှိ မော်တော်ယာဉ်ဈေးကွက်နှင့် ဆေးဝါးထုတ်လုပ်ရေး ဈေးကွက်တို့ကို ပိုမိုဖွင့်ပေးနိုင်ရန် အမေရိကန်ကတောင်းဆိုနေပြီး တောင်ကိုရီးယားလုပ် ကုန်ပစ္စည်းများ အများအပြားသွင်းမှု တားဆီးရေး အမေရိကန်အစိုးရ၏ အစီအစဉ်များကို တောင်ကိုရီးယားနိုင်ငံက ကန့်ကွက်လျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံသည် ဂျပန်နှင့် တရုတ်နိုင်ငံတို့နှင့်လည်း ကုန်သွယ်ရေးဆွေးနွေးပွဲများ စတင်တော့မည်ဖြစ်သည်။

အင်တာနက်။

ကြေးမုံ The Mirror
နိုင်ငံတကာသတင်းများ

❍ အထက်ပေါင်းလောင်းမှ

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် လက်ရှိပေါင်းလောင်း ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ဓာတ်အား ထုတ်လုပ်မှုအတွက် လိုအပ်သော ရေပမာဏ ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် လက်ရှိပေါင်းလောင်း ဆည်ရေဝင်ရောက်မှုအား ရေကူပေးနိုင်ရန်အပြင် စက်တပ်ဆင် အင်အား မဂ္ဂါဝပ် ၇၀ရှိ စက်နှစ်လုံး စုစုပေါင်း မဂ္ဂါဝပ် ၁၄၀ စက်တပ်ဆင်၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း၄၁၁သန်းခန့်ထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

➪ ဗဟိုအလုပ်အမှုဆောင်မှ

ထို့နောက် ဗဟိုအလုပ်အမှု ဆောင် ဝန်ကြီးသည် သဇင်ရေကျော်ရေနက်ကွင်းအတွင်းဧက(၁၀၀၀) ထပ်မံတူးဖော်၍ မွေးမြူရေးစခန်းတည်ဆောက်သွားမည့် အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မအူပင်မြို့နယ် ရေနက်ကွင်း (ကျီးမဲကြီး)ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ ဧက(၁၀၀၀) ငါးမွေးမြူရေးစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စခန်းတာဝန်ခံက မွေးမြူရေးစခန်းတည်နေရာ၊ ကန်များတူးဖော် ပြီးစီးမှုနှင့် မင်းဇာနည်ကုမ္ပဏီက မွေးမြူဆောင်ရွက်သွားမည့် အခြေအနေတင်ပြချက်အပေါ် ဗဟို အလုပ်အမှုဆောင်ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)မှ ဆောင်ရွက်လျက်ရှိသော မအူပင်မြို့နယ်ရှိ ဖြိုးဧရာ အမှတ်(၂) ငါးမွေးမြူရေး စခန်း(ဝါးတော)သို့ ရောက်ရှိပြီး အသားတိုးမွေးကန်ဖော်ယူပြီးစီး၍ ကန်ပြန်လည် အခြောက်ခံပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း၊ တစ်နှစ်သားအရွယ် အသားတိုးမွေးကန်မှ ငါးများ၏ ကြီးထွားနှုန်း ချိန်တွယ်စစ်ဆေးမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စခန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မအူပင် ရေနက်ကွင်းအတွင်း ဧက(၁၀၀၀) မွေးမြူရေးကန်များ ထပ်မံဖော်ထုတ်တူးဖော်နေမှုအခြေအနေကို သွားရောက် ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ ဒိုးပျံတစ်စင်းမှ

အလေးချိန် ကီလိုဂရမ် ၆၈၀ ရှိသည့် ဒုတိယဂြိုဟ်တုမှာ အလေးချိန် ကီလိုဂရမ် ၅၅၀ ရှိသော ဆယ်တင်ရေးဂြိုဟ်တုဖြစ်ကာ တတိယဂြိုဟ်တုမှာ အင်ဒိုနီး ရှားနိုင်ငံ၏ အလေးချိန် ၅၆ကီလိုဂရမ်လေးသည့် လာပန်-တာဗ်ဆက် ဂြိုဟ်တုဖြစ်သည်။ နောက်ဆုံး စတုတ္ထဂြိုဟ်တုသည် အလေးချိန်ခြောက်ကီလို ဂရမ်လေးသော အာဂျင်တီးနားနိုင်ငံမှဂြိုဟ်တုဖြစ်သည်။ (အင်တာနက်)

စံချိန်စံညွှန်းမီစွာထုတ်လုပ်

ယခုအခါ မော်တော်ကားလေအိတ်သာမက ရထားလေအိတ်များကိုပါ မိမိတို့အလုပ်ရုံမှ စံချိန်စံညွှန်းမီစွာ ထုတ်လုပ်ပေးနိုင်။

(ဒေါ်စန်းစန်းမြင့်-အောင်မြန်မာလုပ်ငန်း)

❒ ပြည်တွင်းလုပ်ငန်းရှင်များမှ

တိုးချဲ့တည်ဆောက်နေသည့်နည်းတူ စက်မှုဇုန်များကိုထူထောင်ပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များအား လိုအပ်သောနည်းပညာနှင့် လိုအပ်ချက်များ ပံ့ပိုးပေးလျက်ရှိသည်။ ယခုအခါ နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းပေးမှုကြောင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ၌ အဆင့်မြင့် နည်းပညာများကိုသုံးစွဲကာ နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင်စက်မှုလုပ်ငန်းသုံးစက်အပိုပစ္စည်းများကို တီထွင်ထုတ်လုပ်လာနိုင်ကြပြီး ပြည်ပ သွင်းကုန်အစားထိုး သုံးစွဲလာနိုင်ကြသည်ကို တွေ့နေရသည်။

အချို့သော စက်မှုဇုန်များမှာ အပိုပစ္စည်းအစိတ်အပိုင်းငယ်များသာမက မော်တော်ယာဉ်များနှင့် လယ်ယာသုံးစက်ကိရိယာများကိုပါ ထုတ်လုပ်လာနိုင်သည့်အဆင့်အထိ တိုးတက်လာခဲ့ပြီဖြစ်သည်။ နိုင်ငံတော်ကလည်း ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ နည်းပညာနှင့် အတွေ့အကြုံ၊ အရည်အသွေးများ တိုးပွားလာစေရန်နှင့် စက်မှုလုပ်ငန်းရှင်များ အချင်းချင်းအပြင် ထုတ်လုပ်သူနှင့် သုံးစွဲသူများတွေ့ဆုံ၍ နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ်နိုင်ကြစေရန် စက်မှုထုတ်ကုန်ပစ္စည်းပြပွဲများကို အခါအားလျော်စွာ ကျင်းပပေးလျက်ရှိသည်။

ဇန်နဝါရီ ၆ရက်က မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ရော်ဘာပစ္စည်းနှင့် ရော်ဘာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီမှကြီးမှူး၍ ရော်ဘာပစ္စည်းပြပွဲကို ရန်ကုန်မြို့ အင်းစိန် စက်ခေါင်းစက်ရုံ၌ကျင်းပလျက်ရှိသည်။ ယင်းပြပွဲတွင် နိုင်ငံတော်ပိုင်းနှင့် ပြည်တွင်းစက်မှုလုပ်ငန်းရှင်များ တီထွင်ထုတ်လုပ်ထားသည့် စက်မှုလုပ်ငန်းသုံး ရော်ဘာပစ္စည်းအမျိုးမျိုးကို ပြသထားသည်ကို တွေ့ရှိရသည်။

အထူးသဖြင့် စက်မှုလုပ်ငန်းသုံး ရော်ဘာပစ္စည်းများမှာ ယခင်က ပြည်ပမှ တန်ဖိုးကြီးပေးကာ ဝယ်ယူသုံးစွဲနေရသည့်ပစ္စည်းများဖြစ်ပြီး ယခုအခါ ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ပြီဖြစ်သည်။ အချို့ပစ္စည်းများမှာ ပြည်ပမှတင်သွင်းသည့် ပစ္စည်းများနည်းတူ စံချိန်စံညွှန်း အရည်အသွေးပြည့်မီသည်ကို တွေ့ရသည်။

ဤကဲ့သို့ နည်းပညာအရည်အသွေးမြင့်မားသည့်ပစ္စည်းများထုတ်လုပ်နိုင်မှုကို BOSS အမှတ်တံဆိပ် ရော်ဘာပစ္စည်းများ ထုတ်လုပ်သည့် ခင်စန္ဒာကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်ညိုညိုအား မေးမြန်းကြည့်ရာ "ရော်ဘာပစ္စည်းများထုတ်လုပ်ရာတွင် နည်းပညာက အထူးအရေးကြီးသကဲ့သို့ ရော်ဘာစေးကို အတုံးအခဲဖြစ်စေရန် ရောစပ်ရသည့်ဓာတုဗေဒပစ္စည်းများ အချိုးညီစွာနှင့် စစ်မှန်သည့်ပစ္စည်းအမျိုးအမည်များကို လိုအပ်သော အချိုးအစားအတိုင်း ထည့်သွင်းသုံးစွဲရန်လိုအပ်ကြောင်း၊ ဥပမာအားဖြင့် ဖော်မစ်အက်စစ်အစား ဈေးသက်သာသည့် ဆာဖျူရစ်အက်စစ်ကိုသုံးစွဲလျှင် ရော်ဘာ၏ပျော့ပျောင်းမှုနှင့် တာရှည်ခံနိုင်မှုစွမ်းအားကို လျော့နည်းစေသဖြင့် စစ်မှန်သောကုန်ကြမ်းပစ္စည်းများကို သုံးစွဲရန်လိုအပ်ကြောင်း၊ မိမိအတွက် အမြတ်အစွန်းကိုသာအဓိကမထားဘဲ ပစ္စည်းအရည်အသွေးတိုးတက်ကောင်းမွန်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် လိုကြောင်း" ပြောကြားသည်။

ဆက်လက်၍ အဝေးပြေးခရီးသည်တင်ကားကြီးများ၏ လေအိတ်များကို အဓိက ထုတ်လုပ်သည့် အောင်မြန်မာလေအိတ်နှင့် တာယာကွန်ပေါင်းလုပ်ငန်းမှ ဒေါ်စန်းစန်းမြင့်ကလည်း "ဤလုပ်ငန်းမှာ မိမိတို့၏ဖခင်ဖြစ်သူ ဦးအေးမင်း ၁၉၇၄ခုနှစ် ဆီလောက်က စတင်ထုတ်လုပ်ခဲ့သည့် စက်ဘီးတာယာလုပ်ငန်းမှ အစပြု၍ တဖြည်းဖြည်းကြီးပမ်းတီထွင်လာခဲ့သည့် မိသားစုလုပ်ငန်းဖြစ်ကြောင်း၊ ယခင်က လေအိတ်ကားများ၌ လေအိတ်ပေါက်သွားပါက ပြည်တွင်း၌ ပြန်လည် အစားထိုးပြုပြင်ရန်ခက်ခဲပြီး ပြည်ပမှဈေးကြီးပေးတင်သွင်းခဲ့ရကြောင်း၊ မိမိတို့စက်ရုံမှ လေအိတ်များကို ပြည်တွင်း၌ပင် စံချိန်စံညွှန်းမီ အရည်အသွေးမီ



အရည်အသွေးမီ ရော်ဘာကုန်ချောများရရှိရန်အတွက် စစ်မှန်သော ဓာတုပစ္စည်းများကို သုံးစွဲရန်လိုအပ်။

(ဒေါ်ညိုညို၊ ခင်စန္ဒာကုမ္ပဏီလီမိတက်)

ဖိအားနှင့် ဓာတုငရဲမီးဒဏ်အပြင်အပူဒဏ်ကိုပါခံနိုင်သည့် စံချိန်မီ ရော်ဘာတွဲဖက်အပိုပစ္စည်းများကိုလည်း ပြည်တွင်း၌ပင် ထုတ်လုပ်လာနိုင်ပြီ ဖြစ်သည်။

တီထွင်ထုတ်လုပ်နိုင်ခဲ့ရာ ယခုအခါမော်တော်ကားလေအိတ်သာမက လူစီးရထားလေအိတ်များကိုပါ ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း" ရှင်းပြသွားသည်။

ပြပွဲတွင် ပုဂ္ဂလိက ရော်ဘာလုပ်ငန်း အသီးသီးမှ ထုတ်လုပ်ပြသထားသော ဆန်စက်ရော်ဘာကြိတ်လုံးများ၊ မော်တော်ယာဉ်၊ ရေယာဉ်၊ ရထား၊ လယ်ထွန်စက်သုံး ရော်ဘာပစ္စည်းများ၊ ပုံနှိပ်စက်သုံး ရော်ဘာရိုလာများ၊ ရော်ဘာအဝိုင်းစီးများအပြင် အိမ်သုံး၊ လူသုံး ရော်ဘာပစ္စည်းအမျိုးမျိုးကိုလည်း စံချိန် စံညွှန်းမီစွာ ထုတ်လုပ်ပြသထားရာ စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လိုအပ်သော ရော်ဘာစက်အပိုပစ္စည်း အစိတ်အပိုင်းများကို ပြည်တွင်း၌ပင် ဈေးနှုန်းချိုသာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြဖြစ်သည်။ ယခုကဲ့သို့ ပြပွဲများကို အခါအားလျော်စွာ ပြသခြင်းဖြင့် ရော်ဘာကုန်ချောပစ္စည်းထုတ်လုပ်သူများနှင့် သုံးစွဲသူများတွေ့ဆုံကာ သုံးစွဲသူ၏လိုအပ်ချက်ကို ထုတ်လုပ်သူများမှ ဖြည့်ဆည်းပေးနိုင်ကြမည်ဖြစ်သည်။ ထို့ပြင် ထုတ်လုပ်သူလုပ်ငန်းရှင် အချင်းချင်းလည်း အမြင်ချင်း ဖလှယ်နိုင်ကြပြီး နည်းပညာသစ်များရရှိနိုင်ကာ ပိုမိုအရည်အသွေးမြင့်မားသည့် ရော်ဘာကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်ကြကာ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များသို့ပါ ထိုးဖောက်နိုင်ကြမည်ဖြစ်သည်။

ယခုအခါ ပြည်တွင်း၌ ရော်ဘာကုန်ချောပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်း အရေအတွက်လည်း တိုးပွားများပြားလာနေပေရာ စက်ရုံ၊ အလုပ်ရုံများ၌ လိုအပ်သော ရော်ဘာစက်အရန်ပစ္စည်းများနှင့် အစိတ်အပိုင်းများကိုလည်းကောင်း၊၊ မော်တော်ယာဉ်၊ ရေယာဉ်၊ ရထားတို့၌ သုံးစွဲသော ရော်ဘာစက်အပိုပစ္စည်းများကိုလည်းကောင်း၊ အသုံးပြုမည့်လုပ်ငန်းအလိုက် ရေစိမ်ခံ၊ ဆီစိမ်ခံ၊ ဖိအားနှင့် အကြမ်းခံရော်ဘာပစ္စည်းများကိုလည်းကောင်း၊ မော်တော်ယာဉ်နှင့် လူစီးရထားတွဲများတွင် အသုံးပြုသောရော်ဘာလေအိတ်များကိုလည်းကောင်း အဆင့်မီ၊ အရည်အသွေးမီ တိုးချဲ့ထုတ်လုပ်လာနိုင်ပြီဖြစ်သည့်ပြင် ရော်ဘာကုန်ချောပစ္စည်းများကိုလည်း ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ပြပွဲကို ဇန်နဝါရီ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပြသလျက်ရှိရာ ပြည်တွင်းလုပ်ငန်းရှင်များ၏စံချိန်စံညွှန်းမီရော်ဘာကုန်ချောပစ္စည်းများ၏ အရည်အသွေးကို လေ့လာအကဲဖြတ်နိုင်ကြမည်ဖြစ်ပါသည်။ ။ (ကြေးမုံ)

ကျောက်ကြီးမြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရ

နေပြည်တော် ဇန်နဝါရီ ၈

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအား သေကျေ ဒဏ်ရာရအထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂ရက် နံနက် ၁၀နာရီခန့်က ကျောက်ကြီးမြို့နယ် ကော့ပြင်းကျေးရွာ(၃) ရပ်ကွက်မှ ဦးဆန်းလှိုင်၏သား မောင်ဇော်လင်း အသက် ၂၄နှစ်သည် အစ်ကိုဖြစ်သူနှင့်အတူ ငါးရှာထွက်စဉ် တောတွင်းတစ်နေရာ၌ သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲပြီး မောင်ဇော်ဝင်း၏ဘယ်ဘက်ခြေထောက် ခြေဖမိုးမှပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါခြေထောက်ပြတ်ဒဏ်ရာရရှိသည့် မောင်ဇော်ဝင်းအား မှန်းတိုက်နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ဆေးဝါးကုသရေးနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြေသန့် အုတ်မြစ်တော်စိ မင်္ဂလာအခမ်းအနား ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ချောက်မြို့ မင်္ဂလာဇေယျုံကျောင်းတိုက် ရန်ကင်းတောင်ပေါ်၌ လောကဉသျှောင်ကြံတိုင်းအောင် မဟာဗောဓိစေတီတော်မြတ်ကြီး အုတ်မြစ်တော်စိ မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၃ရက်တွင် ကျင်းပမည်ဖြစ်ရာ ဆရာတော်ဦးကောသလ္လ၊ ဦးနိမလ၊ ဦးဃောသကတို့ကကြီးမှူး၍ မတည်အလှူရှင်ဦးသိန်းကြည်-ဒေါ်နွဲ့နွဲ့ရီ၊ သမီး မဆုမြတ်မွန်နှင့် ခုနစ်ရက်သားသမီးများ လှူဒါန်းငွေဖြင့် တည်ထားပူဇော်မည်ဖြစ်ရာ လှူဒါန်းလိုသော စေတနာရှင်များသည် ဦးဃောသက [သဒ္ဓါ့သုခကျောင်း၊ (၇)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း]ဖုန်း-၀၉-၅၁၁၂၂၆၂သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း လှိုင်မြစ် မြစ်ကမ်းပါးအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရွှေပြည်သာမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး လှိုင်မြစ်ကမ်းပါးတစ်လျှောက် မြေထိန်းနံရံပြုလုပ်ရေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်သို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းသည် နံနက် ၈ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာ မြို့နယ် (၁၇)ရပ်ကွက်အတွင်း မြေသား လမ်းများအခြေအနေကိုကြည့်ရှုစစ်ဆေး ရာ တာဝန်ရှိသူများက လူနေရပ်ကွက် နှင့် အိမ်ခြေများ နေရာချထားမှုနှင့် လမ်းများအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက လမ်းများ ရာသီမရွေး အသုံးပြုနိုင်အောင် ပြုပြင် သင့်သည့်နေရာများကို မပြတ်စစ်ဆေး ပြုပြင်ကြရန်နှင့် မပြီးစီးသေးသည့် လမ်းများကို အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ် သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ရွှေပြည်သာမြို့နယ် ဝါးတစ်ရာကျေးရွာ ဆိပ်ကမ်းသို့ရောက်ရှိပြီး လှိုင်မြစ် မြစ်ကမ်းပါးအခြေအနေကို ကြည့်ရှု စစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးအုန်းဟန်က မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါး ပြိုကျပျက်စီးမှု မဖြစ်စေရေးအတွက် အရှည်ပေ ၅၀၀ရှိ ကျောက်စီမြေထိန်း နံရံပြုလုပ်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက မြစ်ကမ်းပါး တစ်လျှောက် မြေထိန်းနံရံပြုလုပ်နိုင်ရေး မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့်ဟောပြောပွဲအခမ်းအနားကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၂၈ရက်တွင်အမှတ်(၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြသန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ထွေးတို့က နယ်လှည့်စာကြည့်တိုက်ကို ဖဲကြိုး ဖြတ်၍ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက်မြို့နယ်ဦးစီးမှူးဒေါ်မြသန်းက လွတ်လပ်ရေးနှင့်အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ခေါင်းစဉ်ဖြင့်ဟောပြောပြီး အမှတ်(၄)ရပ်ကွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် ငွေပဒေသာပင်အဖြစ် မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့အမှုဆောင်ဒေါ်အေးသီတာနှင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှဲ့ယဉ်ဝင်းတို့က ငွေကျပ်တစ်သောင်းစီပေးအပ်လှူဒါန်းကာ လမင်းအိမ်စာပေ က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဃ်န်းကျွန်းမြို့နယ် (ခ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုပေးပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်း CSK ဥယျာဉ်ကလပ်ဘောလုံးအသင်းအား ပထမဒိုင်းဆုချီးမြှင့်စဉ်။ (၅၀၆)

(၁၄)ကြိမ်မြောက် ဗိုလ်စိန်မှန်ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၈

သီတဂူ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓ သာသနာပြုဗိမာန်တော်ကြီး အလှူတော် တရားပွဲကို ဗဟန်းမြို့နယ် ဗိုလ်စိန်မှန် ရပ်ကွက် ဗိုလ်စိန်မှန်အားကစားကွင်း ၌ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၄ ရက်တွင် ဓမ္မစေတီဆရာတော် အရှင် ကောသလ္လ၊ ၁၅ရက်တွင် ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာ သိရီလင်္ကာရ၊ ၁၆ရက်တွင် မေတ္တာရှင် ဆရာတော် အရှင်ဇဝန(ရွှေပြည်သာ)၊ ၁၇ရက်တွင် ဖြူးဆရာတော် အရှင်နရပတိ၊ ၁၈ ရက်တွင် သီတဂူဆရာတော် အရှင် ဉာဏိဿရ၊ ၁၉ ရက်တွင် ရွှေလင်း ယုန် ဆရာတော်အရှင်အရဝိန္ဒာဘိဝံသ၊ ၂၀ရက်တွင် ကိုးဘွဲ့ရ ဆရာတော် အရှင်အာစာရာလင်္ကာရတို့က ညစဉ် ၇နာရီမှစတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောကြားချီးမြှင့်မည် ဖြစ်ပြီး ဖုန်း-၅၅၄၈၇၇၊ ၅၄၁၉၉၆၊ ၅၄၆၁၃၉၊ ၀၉-၅၁၈၂၀၆၁၊ ၀၉- ၅၁၄၃၂၄၉ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ (က-ပ)

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြပွဲကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေး ဌာန ရန်ကင်းပစ္စည်းဝင်း၌ ဇန်နဝါရီ ၅ ရက်ကကျင်းပရာ တောင်ဥက္ကလာပ ဇုန် မီးသတ်စခန်းမှူး ဦးကိုကိုကြီး၊ ရန်ကင်းမြို့နယ်မီးသတ်ဦးစီးဌာနနှင့် အရန် မီးသတ်တပ်ဖွဲ့ တပ်မှူး ဦးမျိုးမြင့် တို့ လက်တွေ့သရုပ်ပြစဉ်။ (၃၅)

ရန်ကုန်တောင်ပိုင်းခရိုင် သုဓမ္မာနိကာယဝိနည်းစာပြန်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တောင်ပိုင်းခရိုင် ရှစ်မြို့နယ် သုဓမ္မာနိကာယ ဝိနည်းစာပြန်ပွဲတော် ကြီးကို ခရိုင်အတွင်းရှိမြို့နယ်များမှ အလှည့်ကျကျင်းပလာခဲ့ရာ သတ္တမအကြိမ် မြောက်အဖြစ် သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင်ဇန်နဝါရီ ၁၄ရက်မှ ၁၈ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာပြန်ပွဲတော်ကြီးသို့ မြို့နယ်အသီးသီးမှစာထောက်-စာမ ဆရာတော် ကြီးများအပါအဝင် စာဖြေသံဃာအပါး ၂၅၀၀ တို့က ကျမ်းစာပေါင်း၄၀၀၀ ခန့်ကို ပါဝင်ဖြေဆိုတော်မူကြမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် အချိန်မီ ကြွရောက်ကြည်ညိုလှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

တရားရုံးချုပ်(နေပြည်တော်) အထူးအယူခံမှုများ စီရင်ချက်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၈

တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးသက်ထွန်းတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု ခြောက်မှုနှင့် တရားမအထူးအယူခံမှုခြောက်မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ (၇)အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု ကိုးမှုကိုလည်း ကြားနာကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၀၇ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅	ပဋ္ဌာန်းပါဠိတရားတော် (ရွှေလင်းယုန်ဆရာတော်)
၈:၀၀	Music Gallery (ezy FM)
၈:၂၅	ပြည်တွင်းသတင်းအကျဉ်း
၈:၃၅	မေတ္တာရိပ်
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၅၅	အသုံးပြုစရာ ကာဗွန်ဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅	မြန်မာ့အနုပညာ ပန်းငွေထည်လုပ်ငန်း
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	နိုင်ငံတကာအနုပညာရေးရာ
၁၁:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့် ကိတ်လိပ် ပြုလုပ်နည်း)
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	MRTV-4ကျန်းမာရေးကဏ္ဍ (အရေပြားကျန်းမာရေး) (ဒေါက်တာ စိုးဝင်းဦး)
၁၂:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၀	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စာပေနှင့်အနုပညာဆိုင်ရာ မူပိုင်ခွင့်) (ဒေါက်တာမိုးမိုးသွယ်)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများ လားရှိုး၊ ကျိုင်းတုံ၊ တောင်ကြီး၊ မော်လမြိုင်၊ မန္တလေးနှင့် တောင်ငူမြို့တို့၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ နန်းဟောဝန် ဥယျာဉ် ကျောက်တိုင်ကွင်း၌ကျင်းပရာ အစီအစဉ်အရ အခမ်းအနားသို့တက်ရောက်လာကြသူများက နံနက် ၄ နာရီ မိနစ် ၂၀ တွင် နိုင်ငံတော်အလံအား စစ်ရေးပြအစီအစဉ်အတိုင်း အလေးပြုကြသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နံနက် ၇နာရီခွဲတွင်အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သည့် ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လားရှိုးမြို့ ခေတ်မီစာကြည့်တိုက်၌ကျင်းပသည့် ဆင်းရွှေလီ အင်တာနက်ကဖေး ဖွင့်ပွဲနှင့် တိုင်းစစ်ဌာနချုပ်စစ်ရေးပြကွင်း၌ကျင်းပသည့် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှု အားပေးသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီလ ၄ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ နံနက် ၄နာရီ မိနစ် ၂၀ တွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား စစ်ရေးပြအစီအစဉ် အတိုင်း အလေးပြုကြသည်။

ထို့နောက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နံနက်၇နာရီခွဲတွင် အဆိုပါစစ်ရေးပြကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

ထို့အတူ တောင်ကြီးမြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄နာရီမိနစ် ၂၀တွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းအတွင်း ကျင်းပပြီး နံနက် ၈နာရီတွင် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံကို စစ်ရေးပြအစီအစဉ်အတိုင်း အလေးပြုကြပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် ၂၀၀၇ ခုနှစ်(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ မွန်ပြည်နယ် မော်လမြိုင်မြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ မောရဝတီပန်းခြံ၌ကျင်းပရာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် နိုင်ငံတော်အလံတင် အခမ်းအနားကို စစ်ရေးပြအစီအစဉ်အတိုင်းကျင်းပသည်။

ယင်းနောက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နံနက် ၇နာရီတွင် ဆက်လက် ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ဆုနှင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် တပ်နယ်မိသားစုများ ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲသို့ တက်ရောက် အားပေးဆုချီးမြှင့်သည်။

အလားတူ မန္တလေးတိုင်း (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား စစ်ရေးပြအစီအစဉ်အတိုင်း အလေးပြုကြပြီး မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် ၂၀၀၇ခုနှစ်(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများကိုကျင်းပရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့အတူပဲခူးတိုင်း (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားကို ဇန်နဝါရီ၄ရက် နံနက် ၄နာရီမိနစ် ၂၀တွင် တောင်ငူမြို့ ပြည်သူ့ အားကစားကွင်း၌ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော် အလံအား စစ်ရေးပြအစီအစဉ်အတိုင်း အလေးပြုကြသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နံနက် ၇နာရီခွဲတွင် ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် ၂၀၀၇ ခုနှစ်(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကို တောင်ငူမြို့ ခပေါင်းခန်းမ၌ကျင်းပရာ တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာတွင် အမျိုးသမီးများအား အသိပညာပေးဟောပြောစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာ၌ အသိပညာပေးဟောပြော

နေပြည်တော် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦးနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မြမြင့်သူ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၃၁ရက် မွန်းလွဲပိုင်းတွင် ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာရှိ အမျိုးသမီးများအား အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွှန့်ညွှန့်ဦး က နှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးအဖွဲ့ခွဲခေါင်းဆောင် ကလေးအထူးကုဆရာဝန် ဒေါက်တာ ဒေါ်မြင့်မြင့်သိန်းက HIV/ AIDS ရောဂါ တားဆီးကာကွယ်ရေးအကြောင်းကို လည်းကောင်း၊ မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် ဒေါ်ရီရီသန်းက လူကုန်ကူးမှုနှင့် စပ်လျဉ်း၍ ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးက ဆိပ်ခွန်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော အမျိုးသမီးရေးရာဝတ်စုံများ၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများနှင့် ကျေးရွာပြည်သူများအတွက် မှန်ချို တိုင်းရင်းဆေးဝါးများနှင့် အိုင်အိုဒင်းဆားထုပ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးထံ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ရွှေဘိုခရိုင်မှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၂၅၀၀ကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးက ဆိပ်ခွန်ကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အဖွဲ့ဝင် အသိအမှတ်ပြုကတ်ပြားနှင့် ရင်ထိုးတံဆိပ်များပေးအပ်ပြီး စကားဝိုင်းများဖြင့် ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူးနှင့် အဖွဲ့သည် ဆိပ်ခွန် ကျေးရွာနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့တို့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထုတ်ပေးထားသော အသေးစားချေးငွေဖြင့် လုပ်ငန်းဆောင်ရွက်နေသော အထည်ရက်လုပ်ငန်း(လက်ရက်ကန်း၊စက်ရက်ကန်း)ဖြင့် ရက်လုပ်ထားသည့် အထည်များကို လှည့်လည်ကြည့်ရှု အားပေးကြပြီး အမျိုးသမီးရေးရာကိစ္စရပ်များအကြောင်းကို ရှင်းလင်းဆွေးနွေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆုချီးမြှင့်

လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကျင်းပသော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲတွင် ဘက်စုံထူးချွန်ဆုရ အမှတ်(၁၀) ရပ်ကွက်မှ သင်တန်းသား ဦးရန်နိုင်သန်းအား မြို့နယ်အသင်း အတွင်းရေးမှူး ဦးမင်းလွင် ဆုချီးမြှင့်စဉ်။ (က-ပ)

ကွယ်လွန်သူ ဒေါက်တာထင်ကျော်အားရည်စူး၍ အမှတ် (၂၆) သုဝဏ္ဏ (၂၉)ရပ်ကွက် ရွှေဝါထွန်းလမ်းနေ ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့တိုးချဲ့ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ၁၂သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အဖွဲ့ဝင် ဦးတင်မောင်ဝင်းတို့ လက်ခံယူကြစဉ်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၃)၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၈ရက်က ကျင်းပရာ Grade II(A) ကျောင်းသူ မလှထက်ထက်နိုင်နှင့် မနှင်းနုနုဝေတို့က"အောင်စေပိုင်စေ"သီချင်းဖြင့် ကပြဖျော်ဖြေစဉ်။

(ပညာရေး)

✻ (၅၉)နှစ်မြောက်မှ

စင်ကာပူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ စင်ကာပူနိုင်ငံ သမ္မတ မစ္စတာ အက်စ်အာရ်နာသန်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ အဆွေတော်နှင့် မြန်မာနိုင်ငံသားများအား ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် ချစ်ကြည်ရေး ကောင်းမွန်တိုးတက်လျက်ရှိသည့် နိုင်ငံများဖြစ်ကြကြောင်း၊ နှစ်နိုင်ငံ ပြည်သူများနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ အကျိုးစီးပွားများအတွက် မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ဖြည့်တင်းသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကိုရီးယား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ နိုမူဟွန်းထံမှ ပေးပို့သော သဝဏ်လွှာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အစိုးရအဖွဲ့နှင့် ကိုရီးယား ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့ နိုင်ငံများအကြား ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်ခြင်းဖြင့် လာမည့်နှစ်များတွင် အပြန်အလှန် အကျိုးစီးပွားရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှလုံး ရွှင်လန်းချမ်းမြေ့စေရန်နှင့် မြန်မာနိုင်ငံသားများ တိုးတက်အောင်မြင်စေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြသည်။

ပါကစ္စတန်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပါကစ္စတန် အစ္စလာမ္မစ်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ် မူရှာရက်ဖ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့သည် ရင်းနှီးချစ်ကြည်သော နိုင်ငံများဖြစ်ကြကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာမှုသည် လာမည့်နှစ်များတွင်လည်း ဆက်လက်ဖြစ်ပေါ်နေမည်သာဖြစ်ကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်စေရန်လည်းကောင်း၊ မြန်မာပြည်သူများ တိုးတက်ချမ်းသာစေရန်လည်းကောင်း ဆုတောင်းအပ်ပါကြောင်း ဖော်ပြသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉–၁–၂၀၀၇ (အင်္ဂါနေ့)

၁၃၆၈ခုနှစ်၊ ပြာသိုလပြည့်ကျော်(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၂၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Let’s Go
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Every day Use.
- ၄း၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)**
- ၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅း၁၅ ၆။ **“အရေးကြီးလို့ပါ” (ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ) (ဒါရိုက်တာခင်နွဲ့နွဲ့မူ)**
- ၅း၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၂၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “တောတွင်းသားငယ်လေး” (အပိုင်း–၄၁)**
- ၆း၅၀ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ညီမ ငယ်ပါသေး” (အပိုင်း–၆)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “တကယ်သဘောကျတယ်” (အပိုင်း–၁၄)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

အင်အားအသင့်အတင့် မြေငလျင် လှုပ်ရှား

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၇ခုနှစ် ဇန်နဝါရီ ၈ ရက် မြန်မာစံတော်ချိန် ၁၉ နာရီ ၂၁ မိနစ် ၀၂ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် ၆၅၅ မိုင်ခန့်ကွာဝေးသောနေရာ (မြန်မာနိုင်ငံပြင်ပ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန်ဆုရရှိသော လှိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မလေးမြာအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

❁ အမျိုးသားပညာရည်မှ

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် အဓိကဦးဆောင်ပါဝင်ရမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေးကဏ္ဍတွင် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ၂၀၀၁–၂၀၀၂ ဘဏ္ဍာရေးနှစ်ကစတင်ပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုများအရ အနာဂတ်ကာလတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှု အမျိုးမျိုးကို အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စွာဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် စီမံကိန်းလုပ်ငန်းစဉ်များ ချမှတ်ပြီး မျိုးဆက်သစ်လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း။

ပညာရေးကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများ၊ ပညာရေးကဏ္ဍက ပြုစုပျိုးထောင် မွေးထုတ်ပေးလိုက်သည့် ဘက်စုံ ထူးချွန်ထက်မြက်သည့် ကျောင်းသူ၊ ကျောင်းသားများ ဘက်စုံဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ စွမ်းဆောင်နိုင်မှုများကို ယခုကဲ့သို့ ပညာရေးစုံညီပွဲတော်တွင် ပေါ်လွင်ထင်ရှားအောင် ထုတ်ဖော်ပြသနိုင်ခြင်း အားဖြင့် ရှေ့ဆက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ခွန်အားသစ်များ တိုးပွားဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **အမျိုးသားပညာရည်မြင့်မားရေးအတွက် ဆရာများ၏ သင်ကြားမှု အရည်အသွေး ပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ ဥပဒေ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရေးနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေး အစရှိသည့် လုပ်ငန်းများကို အထူးအာရုံစိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်** လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အဆိုပါ လမ်းညွှန်ချက်များနှင့်အညီ အခြေခံပညာနှင့် အဆင့်မြင့်ပညာ ကဏ္ဍအလိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြကြောင်း။

ပညာရေးမြှင့်တင်မှု အစီအစဉ်များအရ ၁၉၉၈–၉၉ ပညာသင်နှစ်ကစတင်ပြီး နှစ်စဉ် ဇန်နဝါရီလဆန်း ရက် တစ်ရက်ကို ပညာရေးစုံညီပွဲတော်နေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ရာမှာ ပြီးခဲ့သည့် ဇန်နဝါရီ ၆ ရက်တွင် နဝမအကြိမ်မြောက် ပညာရေးစုံညီပွဲတော်နေ့အဖြစ် အခြေခံပညာကျောင်းများ၌ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ဆရာမ နှစ်သိန်းငါးသောင်းကျော် အပါအဝင် အခြေခံပညာရေးဝန်ထမ်း သုံးသိန်းကျော်နှင့် မိဘပြည်သူများ၊ ပညာရေးစေတနာရှင်များသည် ကျောင်းသား၊ ကျောင်းသူ ၇ ဒသမ ၈ သန်းကျော်နှင့်အတူ ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်ပြပွဲ၊ ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ထူးချွန်ဆုချီးမြှင့်ပွဲများ ကျင်းပဆင်နွှဲခဲ့ကြပြီးဖြစ်ကြောင်း။

၂၀၀၆–၂၀၀၇ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပသည့် ရည်ရွယ်ချက်များမှာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ကာကွယ်နိုင်မည့် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာပြီး ရိုးရာယဉ်ကျေးမှုနှင့် လူမှုဘဝစံနှုန်းများကို ထိန်းသိမ်းမြှင့်တင်နိုင်မည့် နိုင်ငံ့သားကောင်း သမီးမွန်များ ပေါ်ထွန်းလာရေး၊ ပညာရေးကဏ္ဍအလိုက် စွမ်းဆောင်ချက်များကို ထုတ်ဖော်တင်ပြနိုင်ခြင်းဖြင့် ပညာရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေးနှင့် အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းများကို မိဘပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပနေခြင်းဖြစ်ကြောင်း။

၂၀၀၆–၂၀၀၇ ပညာသင်နှစ် ဗဟိုအဆင့် ပညာရေးစုံညီပွဲတော်ကို နေပြည်တော်တွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ရာ ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ၊ ပညာရေးဖွံ့ဖြိုးမှုပြပွဲ၊ ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း။

နိုင်ငံတော်က သတ်မှတ်ထားသည့် နေ့ကြီး၊ ရက်ကြီးများနှင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးက သတ်မှတ်ထားသည့် နေ့ကြီး၊ ရက်ကြီးများ အထိမ်းအမှတ် စာပေ၊ အနုပညာပြိုင်ပွဲများ၊ အာဆီယံနှင့် နိုင်ငံတကာ စာပေအနုပညာ၊ ပန်းချီပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ပညာရပ်ဆိုင်ရာပြိုင်ပွဲများမှာလည်း အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍ နှစ်ရပ်လုံးက ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တားဆီးကာကွယ်ရေး ပညာပေးအစီအစဉ်ဆိုင်ရာ ဟောပြောပွဲများ၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာ ပြိုင်ပွဲများတွင်လည်း ကျောင်းသား၊ ကျောင်းသူများ တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း။

မိဘပြည်သူများ၊ ပညာရေးစေတနာရှင်များ အနေနှင့်လည်း စာသင်ဆောင်နှင့် ပရိဘောဂများ၊ မာလ်တီမီဒီယာပစ္စည်းများ၊ ကျောင်းနေရေးလုပ်ငန်းများအတွက် လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင် ပံ့ပိုးပေးခဲ့ကြောင်း။

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ရရှိသည့် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့ကြောင့် ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွင်း အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများတွင် ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေး စေတနာရှင်များ၊ မိဘပြည်သူများ အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုလို တိုးတက်အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရကြောင်း၊ နိဂုံးချုပ်အနေနှင့် ပညာရေးကဏ္ဍအလိုက် တာဝန်ယူသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများအနေနှင့်လည်း ပညာရေးစီမံကိန်းလုပ်ငန်းစဉ်များနှင့်အညီ ကျောင်းသား၊ ကျောင်းသူများနှင့် သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားရေးအတွက် ကြိုးပမ်းလေ့ကျင့် သင်ကြားပေးသွားကြရန်နှင့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့်လည်း အနာဂတ်နိုင်ငံတော်က အားထားရသည့် လူ့စွမ်းအား အရင်းအမြစ်များအဖြစ် ခံယူဆောင်ရွက်နိုင်စေရန် ကြိုးပမ်းလေ့ကျင့်သင်ယူသွားကြပါဟု တိုက်တွန်း ပြောကြားသွားသည်။

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန်ဆုရရှိကြသော ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မဟန်နီထွန်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မလေးမြာ၊ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်မြင့်ပိုင်ဘို၊ ချင်းပြည်နယ် ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဘွဲ့ကျင်လျှန်း၊

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့် နိုင်ငံတကာပန်းချီပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အဋ္ဌမတန်း ဘက်စုံထူးချွန်ဆုရ မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းမှ မောင်ဘရန်ဆိုင်းမော်အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

များ အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုလိုတိုးတက်အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရကြောင်း၊ နိဂုံးချုပ်အနေနှင့် ပညာရေးကဏ္ဍအလိုက် တာဝန်ယူသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများအနေနှင့်လည်း ပညာရေးစီမံကိန်းလုပ်ငန်းစဉ်များနှင့်အညီ ကျောင်းသား၊ ကျောင်းသူများနှင့် သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားရေးအတွက် ကြိုးပမ်းလေ့ကျင့် သင်ကြားပေးသွားကြရန်နှင့် ကျောင်းသား၊ ကျောင်းသူများ အနေဖြင့်လည်း အနာဂတ်နိုင်ငံတော်က အားထားရသည့် လူ့စွမ်းအား အရင်းအမြစ်များအဖြစ် ခံယူဆောင်ရွက်နိုင်စေရန် ကြိုးပမ်းလေ့ကျင့်သင်ယူသွားကြပါဟု တိုက်တွန်း ပြောကြားသွားသည်။

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်က ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန်ဆုရရှိကြသော ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မဟန်နီထွန်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မလေးမြ၊ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်မြင့်ပိုင်ဘို၊ ချင်းပြည်နယ် ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဘွဲ့ကျင်လျန်း၊

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသည့် ပြည်နယ်နှင့် တိုင်းများမှ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးများကို ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

စစ်ကိုင်းတိုင်း ရွှေဘိုမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မဝေဝေနှင်းကျော်၊ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မယဉ်မင်းသုန်၊ ပဲခူးတိုင်း(အရှေ့) ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်စောပြေထူး၊ ပဲခူးတိုင်း(အနောက်) ပြည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်မောင်ခိုင်၊ မကွေးတိုင်း မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မဟန်နီစိုး၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းမှ မသီဒါအေး၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မဝင့်ဝါသင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မသက်ထားအိမ်၊ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ မအေးနှင်းမိုး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မသဉ္ဇာတင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မနန်းကြိုခမ်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ထိန်ဝင်းရာဇာ၊ ဧရာဝတီတိုင်း ဟင်္သာတမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကြည်မော်နိုင်၊ မကွေးတိုင်း မင်းဘူးမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မကေခိုင်ထက်၊ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ မမေမြတ်နိုးဝင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မသဲဦးခိုင်၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မခင်ဥမ္မာကျော်၊ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မသက်ထားစံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မနမ်းဟွမ်နွန်းနွန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မဆွေဇော်ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မမြတ်သက်ထားခင်၊ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မမေမြတ်သူတို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ဆုရကျောင်းသား၊ ကျောင်းသူများနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ၂၀၀၆–၂၀၀၇ ပညာသင်နှစ် အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ မောင်ဘရန်ဆိုင်းမော်၊ ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မမေဖြူခင်၊ ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ခန့်ဖြိုးနောင်၊ ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ မဆုသီရိလှိုင်၊ စစ်ကိုင်းတိုင်း မုံရွာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဘုန်းမြတ်ဇော်၊ တနင်္သာရီတိုင်း ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ချစ်ရန်တိုး၊ ပဲခူးတိုင်း (အရှေ့) တောင်ငူပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ မသွန်းသက်ပန်၊ ပဲခူးတိုင်း(အနောက်) ပြည်မြို့ အမှတ်(၁) အခြေခံပညာ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကျော်ခိုင်ထက်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ဆုရကျောင်းသား၊ ကျောင်းသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းက ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးခလေ့ တတ်ကျွမ်းမှုပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူ ၁၈ဦးတို့အား ဆုများကို လည်းကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ ၁၅ဦးတို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **‘စုံညီပွဲတော် တို့နွဲပျော်’** သီချင်းဖြင့် စုပေါင်းသီဆို ဂုဏ်ပြုကြသည်။

...နှ ဒုတိယဝန်ကြီး ဦးမျိုးညွန့် နိုင်ငံတကာ ...ဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်
(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မြန်မာနှင့် နိုင်ငံတကာ လူမှုဆက်ဆံရေး ထုံးခလေ့တတ်ကျွမ်းမှုပြိုင်ပွဲတွင် ဆုရရှိသူ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်မှု၊ ထူးချွန်ဆုရရှိကြသည့် ပြည်နယ်နှင့် တိုင်းများမှ အခြေခံပညာ အထက်တန်းကျောင်း ၁၇ကျောင်းတို့အတွက် သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများအား ဆုများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က နိုင်ငံတကာပန်းချီပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ နှစ်ဦးတို့အား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးစီမံချက်အရ ထူးခြားသည့် ကျောင်းသားကျောင်းသူ ခြောက်ဦးတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပျဉ်းမနားမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက **‘ဇာတိမာန်’**သီချင်းဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် တက်ရောက်လာကြသည့်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆရာဝန်များ ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

(၁၆)ကြိမ်မြောက် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆရာဝန်များညီလာခံကို ဖေဖော်ဝါရီ ၁၅ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆေးရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံမတိုင်မီ နှာခေါင်း၊ လေအိတ်နှင့် လည်ပင်းရောဂါ လက်တွေ့ခွဲစိတ်ကုသမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စင်ကာပူသမ္မတနိုင်ငံမှ နား၊ နှာခေါင်း၊ လည်ချောင်း ခွဲစိတ်ကုဆရာဝန်များနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်လိုသော တိုင်းနှင့်ပြည်နယ် အသီးသီးမှ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်များ ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် လက်တွေ့ ခွဲစိတ်ပြသမည့် လူနာများနှင့် ပတ်သက်၍ ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီး(ရန်ကုန်)၌ ကျင်းပမည်ဖြစ်ပါ၍ အချိန်မီလာရောက်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုတံဆိပ်ပေးအပ်

မင်္ဂလာတောင်ညွန့် မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်း၏ မိဘ၊ ဆရာ၊ ကျောင်းသား စုံညီပွဲတော်နှင့် ဆုပေးပွဲကို ဇန်နဝါရီ ၈ ရက်က ကျောင်းခန်းမတွင် ပြုလုပ်ရာ ငါးနှစ်ဆက်တိုက် စံပြပထမဆုရ မပြုံးဟန်ချိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ချို စံပြစလွယ်နှင့် ဆုတံဆိပ်ပေးအပ်စဉ်။
(၃၂)

မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရည်ချွန် ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၇ရက်က ကျင်းပရာ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် မမေသဲပိုအား သိန်းသန်း စက်မှုလက်မှု(၇၇၇) ခြေတုလက်တုလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထွန်းဦးက ဂုဏ်ပြုငွေကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်စဉ်။
(က–ပ)

ပြည်နယ်နှင့်တိုင်း အလွတ်တန်း ဘောလုံးပြိုင်ပွဲဆက် ရှမ်းပြည်နယ်(တောင်ပိုင်း)က ကယားပြည်နယ်ကို အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၈

၂၀၀၇ ခုနှစ် (၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် (က)အုပ်စုမှ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်း လေးဂိုး
(ဇော်ပြည့်ငြိမ်း၊ ထွန်းထွန်းနိုင်၊ ထက်အောင်နှင့် ထွန်းထွန်းဝင်း–တစ်ဂိုးစီ)
ကယားပြည်နယ်အသင်း တစ်ဂိုး
(မိုးထွန်း)
အကောင်းဆုံးဆု
ဇော်ပြည့်ငြိမ်း(ရှမ်း/တောင်)
ဒိုင်လူကြီး ဦးမြင့်နိုင်

၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ် နှစ်ကြိမ်ဆက်တိုက် ဒုတိယဆုရရှိထားသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းသည် ပွဲဦးထွက်ပွဲ၌ ကယားပြည်နယ်ကို ဂိုးပြတ်အနိုင်ရရှိသွားသည်။

ပထမပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းက ဖိကစားသွားပြီး ၁၀မိနစ်တွင် ဇော်ပြည့်ငြိမ်း၊ ၁၄ မိနစ်တွင် ထွန်းထွန်းနိုင်နှင့် ၂၁ မိနစ်တွင် ထက်အောင်တို့က ၁၁ မိနစ်အတွင်း သုံးဂိုးသွင်းယူခဲ့၍ သုံးဂိုးပြတ်ဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင် ကယားပြည်နယ်အသင်း ပြန်ဖိကစားနိုင်ပြီး ၅၅ မိနစ်တွင် မိုးထွန်းက ချေပဂိုး တစ်ဂိုးကို သွင်းယူသည်။ ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွက် စတုတ္ထဂိုးကို ၇၇ မိနစ်တွင် ထွန်းထွန်းဝင်းက သွင်းယူသည်။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ
(အောင်ဆန်းကွင်း)
ရှမ်း(အရှေ့)နှင့် ရန်ကုန်
(သုဝဏ္ဏကွင်း)
ပဲခူးနှင့် စစ်ကိုင်း
(ပဒုမ္မာကွင်း)
ဧရာဝတီနှင့် ရခိုင်
(စလင်းကွင်း)
ကရင်နှင့် မွန်

(ကြေးမုံ)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အမေရိကန်နိုင်ငံမှ ခေတ္တရောက်ရှိနေသော ဦးခင်မောင်သိန်း၊ ဇနီး Susan Thein(စစ်ကိုင်းစိမ်းစိမ်း) မိသားစုတို့က ငွေကျပ် ၁၀သိန်း လှူဒါန်းပွဲကို ဇန်နဝါရီ ၄ရက် မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရုံးတည်ရှိရာ ရန်ကုန်မြို့ အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ (ဒုတိယထပ်)၌ ကျင်းပသည်။

တက်ရောက်

ငွေလှူဒါန်းပွဲသို့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမျိုးသန့် (မောင်ဆုရှင်)က အလှူရှင်များနှင့် စပ်လျဉ်း၍ မိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် အလှူရှင် စာရေးဆရာမ စစ်ကိုင်းစိမ်းစိမ်းက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေရန်ပုံငွေသို့ ငွေကျပ်ကိုးသိန်းနှင့် ဦးထင်ကြီး ဒီဂျစ်တယ် စာကြည့်တိုက်အတွက် ငွေကျပ်တစ်သိန်း၊ စုစုပေါင်း ငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ) တို့က လက်ခံကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်အားကစားသမားများ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်ပြီး မြန်မာဂေါက်ကလပ်ကကျင်းပသော ပဉ္စမအကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ် ကိုးမိုင် ဂေါက်ကွင်း၌ကျင်းပသည်။

ဒုတိယနေ့(၁၈) ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်အမှုဆောင် ဦးကိုကိုလေးက အမျိုးသားအသက် (၁၀–၁၂)နှစ် အတန်းပြိုင်ပွဲတွင် နှစ်ရက်စလုံးပြီးစီးအောင်ကြိုးစား၍ အကောင်းဆုံး ရိုက်သွားနိုင်သော အထူးဖွဲ့ဆုရရှိသည့် မျိုးဆက်သစ်လူငယ် ဘုန်းပြည့်ချမ်းဟန်အား ဖွဲ့ဆုချီးမြှင့်ပြီး အမျိုးသမီး(၁၀–၁၈)နှစ် အတန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၈၃ချက်ဖြင့် ပထမရရှိသော LI HYUN JIN၊ စုစုပေါင်း ၁၉၀ချက်ဖြင့် ဒုတိယရရှိသော မေဦးခိုင်၊ စုစုပေါင်းရိုက်ချက် ၂၀၁ ချက်ဖြင့် တတိယရရှိသော ရင်မေမျိုးတို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာဂေါက်ကလပ် တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်မိုးက အမျိုးသား(၁၀–၁၂)နှစ် အတန်းပြိုင်ပွဲတွင် စုစုပေါင်း ၁၈၃ချက်ဖြင့် ပထမရရှိသော ဖွဲ့လင်းငွေ၊ စုစုပေါင်း ၁၈၄ချက်ဖြင့် ဒုတိယရရှိသော အောင်ကျော်လင်းနှင့် စုစုပေါင်း ၁၈၇ချက်ဖြင့် တတိယရရှိသော ခွန်ကျော်မြတ်သာတို့အားလည်းကောင်း၊ မြန်မာဂေါက်ကလပ်အမှုဆောင် ဦးသက်တင်က အမျိုးသား(၁၃–၁၅)နှစ် အတန်းပြိုင်ပွဲတွင် စုစုပေါင်း ၁၅၆ချက်ဖြင့် ပထမရရှိသော ကောင်းထူးအောင်၊ စုစုပေါင်း အချက် ၁၆၀ဖြင့် ဒုတိယရရှိသော စွမ်းသီဟအောင်နှင့် စုစုပေါင်း ၁၆၉ချက်ဖြင့် တတိယရရှိသော ရဲထက်အောင်တို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အမျိုးသား(၁၆–၂၀)နှစ် အတန်းပြိုင်ပွဲတွင် စုစုပေါင်း ၁၄၄ ချက်ဖြင့် ပထမရရှိသော ရန်မျိုးအေး၊ စုစုပေါင်း ၁၅၂ချက်ဖြင့် ဒုတိယရရှိသော ထွန်းထွန်းနှင့် စုစုပေါင်း ၁၅၃ချက်ဖြင့် တတိယရရှိသော နေဗလဝင်းမြင့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပဉ္စမအကြိမ်မြောက်ပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသော မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်အားကစားသမားများ တက်တက်ကြွကြွပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အားကစားစိတ်ဓာတ် ကြံ့ခိုင်ဖွံ့ဖြိုးမြင့်မားရေးတို့အတွက် Han Golf Masters Pte.,Ltd. က အဓိကကူညီပံ့ပိုးပြီး Co-Sponsors များဖြစ်ကြသော Srixon၊ Han Event Management၊ Han Golf Masters Academy၊ Alpine Drinking Water၊ Myanmar Golf Club Driving Range၊ Han Golf Course Design and Construction နှင့် Golf Masters Magazine တို့ကလည်း ထပ်မံ၍ ပါဝင်ကူညီကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၁)သန်လျင် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၆ရက်က ပတ္တမြားခန်းမ၌ကျင်းပရာ ဒသမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကျောင်းပေါင်းစုံ အငယ်တန်းတင်းနစ်ပြိုင်ပွဲ ရန်ကုန်တိုင်းကိုယ်စားပြု ပထမဆုရ ဆဌမတန်းမှ မဇွန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြွယ် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၇)

အထက(၄)မင်္ဂလာတောင်ညွန့်၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲနှင့် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန်း အခြေခံပညာအထက်တန်းအဆင့် ဘက်စုံပညာထူးချွန်ဆုရရှိသူ မောင်ဟိန်းထက်နိုင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

အင်တာနက်အားကစားသတင်းများ

ဂျီးဆစ် ဆင်မြူနစ်အား ချယ်လ်ဆီးခေါ်ယူလိုဟုဆို

လန်ဒန် ဇန်နဝါရီ ၈

ချယ်လ်ဆီးအသင်းသည် ၎င်း၏ နောက်တန်းအားနည်းမှုပြဿနာကို ဖြေရှင်းနိုင်ရန် မိမိအားခေါ်ယူလိုသည်ဟု ဟာသာဘာလင်အသင်းတွင် ပါဝင်ကစားနေသူ ဂျီးဆစ်ဆင်မြူနစ်ကယနေ့ ပြောကြားလိုက်သည်။

ဆင်မြူနစ်သည် ဂျာမနီနိုင်ငံရှိ ဟာသာဘာလင်ကလပ်အသင်း၏ နောက်တန်းဘောလုံးသမားဖြစ်သည်။ ၎င်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ခရိုအေးရှားအသင်း၏ ဘောလုံးသမားအဖြစ် ပါဝင်ကစားခဲ့ရာ၌ သုံးကြိမ်တိုင်တိုင် အဝါကတ်ပြခံခဲ့ရသူဖြစ်သည်။

အသင်းပြောင်းရွှေ့ကြေး ပေါင်ခြောက်သန်းဖြင့် ချယ်လ်ဆီးအသင်းက မိမိအားခေါ်ယူပါက ယင်းအသင်းသို့ပြောင်းရွှေ့လိုကြောင်း ဆင်မြူနစ်က ပြောကြားသည်။ ***အင်တာနက်***

အက်ဖ်အေဖလား စတုတ္ထအဆင့် မန်ယူနှင့် ပို့စ်မောက်ယှဉ်ပြိုင်ရမည်

လန်ဒန် ဇန်နဝါရီ ၈

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် လောလောဆယ် အမှတ်အများဆုံး ရရှိထားသော မန်ချက်စတာယူနိုက်တက်အသင်းသည် အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်အရ ပို့စ်မောက်အသင်းနှင့် အိုးလ်ထရက်ဖို့ကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

စတုတ္ထအဆင့်ပွဲစဉ်အရ အာဆင်နယ်အသင်းသည် ဘော်လ်တန်အသင်းနှင့် အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ဒုတိယအမှတ်အများဆုံးရရှိထားသော ချယ်လ်ဆီးအသင်းမှာ ၎င်း၏အိမ်ကွင်းမှာပင် လိဂ်–၁ပြိုင်ပွဲဝင် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ***အင်တာနက်***

ဇန်နဝါရီ ၇ ရက်ကကျင်းပသည့် အက်ဖ်အေဖလား တတိယအဆင့်တွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ဂျီဆွန်ပါ့ခ်(ဝဲ)နှင့် အက်စ်တန်ဗီလာအသင်းမှ ဝီးလ်ဖရက်ဒ်ဘူမာတို့အား တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ပေါလ်အစ်ဖီးလ်အား ခရစ်စတယ်လ်ပဲလေ့စ် ခေါ်ယူ

လန်ဒန် ဇန်နဝါရီ ၈

ခရစ်စတယ်လ်ပဲလေ့စ်အသင်းသည် ရှက်ဖီးလ်ယူနိုက်တက်အသင်းမှ ပေါလ် အစ်ဖီးလ်အား အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ ၇၅၀၀၀၀ ဖြင့် ခေါ်ယူရန် သဘောတူညီချက် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရှက်ဖီးလ် ယူနိုက်တက်အသင်း၏ ကွင်းလယ်ကစားသမား ပေါလ်အစ်ဖီးလ်သည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲသို့ လွန်ခဲ့သည့်ဘောလုံးရာသီတွင် ရောက်ရှိလာသည်။ အတန်းတက်လာသော ရှက်ဖီးလ်ယူနိုက်တက်အသင်းတွင် ကွင်းလယ်ကစားကွက်အတွက် ၎င်းကိုအားထားကြသည်။ ပေါလ်အစ်ဖီးလ်သည် ၂၀၀၅ ခုနှစ်နွေရာသီတွင် မီးလ်ဝေါအသင်းမှ အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ ၈၀၀၀၀၀ ဖြင့် ပြောင်းရွှေ့လာခဲ့သည်။ ***အင်တာနက်***

ထူးခြားသည့် ညအပူချိန်များ ၈–၁–၂၀၀၇

ဟားခါး	–	(–၂) ဒီဂရီစင်တီဂရိတ်
မိုးကုတ်	–	၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်	–	၄ ဒီဂရီစင်တီဂရိတ်
ရန်ကုန်	–	၁၈ ဒီဂရီစင်တီဂရိတ်

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပျဉ်းမနားမြို့ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး ရေလွှဲဥမင်လိုဏ်(အထွက်) ဖောက်လုပ်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ်(အဝင်)ပိုင်း မြေကြီး ကျောက်သားတူးဖော်ခြင်းလုပ်ငန်း၊ တမံ ဝဲ၊ ယာ မြေကြီးကျောက်သားတူးဖော်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ အား စီမံကိန်းရှင်းလင်းဆောင်၌ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးတင့်လွင်က ပင်မတမံ အတည်ပြုနေရာ ရွေးချယ်ထားရှိမှု၊ ရေလွှဲဥမင်(အထွက်) ဖောက်လုပ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအစီအစဉ်၊ တမံအောက်ခြေမြေကြီးကျောက်သား တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်၊ ရေကာ ပန်းတာတည်ဆောက်ရန်လျာထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးကရှင်းလင်းတင်ပြမှုများအပေါ် ရေလွှဲဥမင်ဖောက်လုပ်ခြင်းလုပ်ငန်း၊ တမံအောက်ခြေမြေကြီး ကျောက်သား တူးဖော်ခြင်းလုပ်ငန်း၊ ရေကာပန်းတာတည်ဆောက်ခြင်း လုပ်ငန်းများကို သတ်မှတ်ချိန်ပြီးစီးရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့**



အင်တာနက် အာကာသသိပ္ပံသတင်း

ဒုံးပျံတစ်စင်းတည်းဖြင့် ဂြိုဟ်တုလေးလုံး လွှတ်တင်ရန် အိန္ဒိယစီစဉ်နေ

ရုရှီဟာရီကိုတာ ဇန်နဝါရီ ၈

အိန္ဒိယနိုင်ငံ အာကာသအေဂျင်စီသည် မကြာမီအချိန်အတွင်း အာကာသလေ့လာမှုလုပ်ငန်းတွင် ရှေ့တစ်လှမ်းတိုးမည့် အဆင့်တစ်ဆင့်သို့ တက်လှမ်းနိုင်တော့မည်ဖြစ်ကြောင်း မီဒီယာသတင်းများတွင်ဖော်ပြသည်။

အာကာသနည်းပညာ ရှေ့တစ်လှမ်း လှမ်းနိုင်မည့်အဆင့်မှာ ဒုံးပျံတစ်စင်းတည်းဖြင့် အာကာသအတွင်း ဂြိုဟ်တုလေးလုံး တစ်ပြိုင်နက်ပစ်လွှတ်နိုင်မည့် နည်းပညာပင်ဖြစ်သည်။

ယင်းလုပ်ငန်းအစီစဉ်များကို အိန္ဒိယအာကာသသုတေသနအဖွဲ့ (အိုင်အက်စ်အာရ်အို)က ဆောင်ရွက်လျက်ရှိသည်။ ဂြိုဟ်တုလေးလုံးကို သယ်ဆောင်သွားမည့် ဒုံးပျံကို ပိုလာဂြိုဟ်တုလွှတ်တင်ရေး ဒုံးပျံ–စီ ၇ဟု အမည်ပေးထားသည့် ပီအက်စ်အယ်လ် ဗွီ–စီ ၇ ဒုံးပျံပင်ဖြစ်သည်။

အဆိုပါဒုံးပျံကို အိန္ဒိယနိုင်ငံ၏ ဆာတစ်ချ်ဒါဝန် အာကာသလွှတ်တင်ရေးစခန်းမှ ပစ်လွှတ်သွားမည်ဖြစ်ကြောင်း အာကာသလုပ်ငန်းညွှန်ကြားရေးမှူး အမ်းမာနာမာလီနှင့် ညွှန်ကြားရေးမှူး အင်နာရာယာနားမူသီးက သတင်းထောက်များကိုပြောကြားသည်။ အဆိုပါလုပ်ငန်းစဉ်များ အဆုံးသတ်ညှိနှိုင်းရေးကိစ္စများကို ယခုသီတင်းပတ်အတွင်း ညှိနှိုင်းကြမည်ဟုဆိုသည်။

ပီအက်စ်အယ်လ်ဗွီ–စီ၇ ဒုံးပျံသည် ဂြိုဟ်တုလေးလုံးကို သယ်ဆောင်သွားမည်ဖြစ်သည်။ ထိုသို့သယ်ဆောင်မည့် ဂြိုဟ်တုများတွင် မြေပုံထုတ်လုပ်ရေးအထောက်အကူပြု ကာတိုဆက် ဂြိုဟ်တု–၂၊ အာကာသယာဉ်ဆယ်တင်ရေးစမ်းသပ်ဂြိုဟ်တု – ၁၊ အင်ဒိုနီးရှားနိုင်ငံ၏ လာပန်–တာဗ်ဆက်နှင့် အာဂျင်တီးနားနိုင်ငံ၏ ဖီပန်ဆက်–၁ ဂြိုဟ်တုတို့ ပါဝင်သည်။

ပထမဂြိုဟ်တု ကာတိုဆက်–၂မှာ မြေပုံလုပ်ငန်းအထောက်အကူပြုဂြိုဟ်တုဖြစ်ပြီး **စာမျက်နှာ ၅ ကော်လံ ၁ သို့**

စိတ်ကူးဖြင့်သရုပ်ဖော်

အိန္ဒိယနိုင်ငံက လွှတ်တင်မည့်ဂြိုဟ်တုကို ပန်းချီဆရာက စိတ်ကူးဖြင့် သရုပ်ဖော်ထားသောပုံကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြ ကျေးရွာသို့ရောက်ရှိပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက မတည်လှူဒါန်းသည့် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ခွဲ သာသနာ့ဇောတိက မစိုးရိမ်တိုက်သစ် ဘုန်းကြီးကျောင်း ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီးကွမ်းမိုးဒိန်းဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဘုန်းကြီးကျောင်းအတွင်းပိုင်း ဆောက်လုပ်နေမှုနှင့် သိမ်ဆောက်လုပ်ရန် မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ကွမ်းမိုးဒိန်းစံပြကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်းခွဲသို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံကာ ပညာရေးဆိုင်ရာများ ပံ့ပိုးဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးမှာကြားပြီး ကွမ်းမိုးဒိန်း စံပြကျေးရွာ၏ ဓိဝပါလကျေးလက် ဆေးပေးခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းကျွန်း ရေနက်ကွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို)၏ ဖြိုးဧရာ ကုမ္ပဏီလီမိတက် အမှတ်(၁) ငါးမွေးမြူရေးစခန်း သဇင်ရေကျော်သို့ ရောက်ရှိပြီး ငါးမွေးမြူရေးမှ ပြည်တွင်းစားနပ်ရိက္ခာနှင့် နိုင်ငံခြားဝင်ငွေရရှိမှုအခြေအနေ၊ မွေးမြူရေးကဏ္ဍ တိုးတက်ဆောင်ရွက်သင့်သည့် အခြေအနေများ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးအား စခန်းတာဝန်ခံက မွေးကန်ဧရိယာအတွင်း ငါးသန်/ ငါးဖျန်းပြုစုကန်၊ အသားတိုးမွေးမြူကန်များ၏ ထုတ်လုပ်နိုင်မှု အခြေအနေတင်ပြချက်အပေါ် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး မွေးမြူကန်များ၏ အခြေအနေများကို အဝေးကြည့်မျှော်စင်မှ ကြည့်ရှုစစ်ဆေးပြီး ကန်လုပ်သားများနှင့် တွေ့ဆုံကာ မွေးမြူရေးကန်များ၌ ဂရုပြု ဆောင်ရွက်သင့်သည်များ ဆွေးနွေးမှာကြားသည်။
စာမျက်နှာ ၅ ကော်လံ ၁ သို့

ပြည်တွင်းလုပ်ငန်းရှင်များ၏အရည်အသွေး မှတ်ကျောက်တင်နိုင်မည့်ရော်ဘာပစ္စည်းပြပွဲ

သတင်းဆောင်းပါး၊ ဓာတ်ပုံ–သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကို အခြေခံသည့် စိုက်ပျိုးရေးနိုင်ငံအဖြစ်မှ စက်မှုနိုင်ငံအဆင့်သို့ ရောက်ရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းရာတွင် လိုအပ်သော စက်မှုအခြေခံလုပ်ငန်းများကို နိုင်ငံတော်ပိုင်းတွင်သာမက ပုဂ္ဂလိကကဏ္ဍတွင်ပါ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသည်။ အဓိကအားဖြင့် နိုင်ငံတော်ပိုင်းမှ သွင်းကုန်အစားထိုး အရည်အသွေးမြင့်စက်ရုံများ **စာမျက်နှာ ၅ ကော်လံ ၁ သို့**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ တီထွင်ထုတ်လုပ်ထားသော ရော်ဘာစက်အရန် ပစ္စည်းများ။